မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လကွယ်နေ့၊ ၂၀၁၀ ခုနှစ်၊ မေ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၁၉)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ

ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော်　မေ　၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော Mr. Cho Byung-Jae သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဗေဓာသီရိ ဗိမာန်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော Mr. Cho Byung-Jae ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော်　မေ　၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော Mr. Apirath Vienravi သည် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဗေဓာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၄ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Apirath Vienravi အား နေပြည်တော်ရှိ ဗေဓာသီရိဗိမာန်၌ တွေ့ဆုံစဉ်။(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၁၂ ရက်)

ဧရာဝတီတိုင်းအတွင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အမြန်ပြီးစီးရေး ဒေသခံပြည်သူများ အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းလက်တွဲပါဝင်

နိုင်ငံတော်အစိုးရသည် ဧရာဝတီတိုင်းအတွင်း လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလမ်းမကြီး (၁၀)ခုကို ဖောက်လုပ်လျက်ရှိရာ ယင်းလမ်းမကြီးများမှနေ၍ မြန်မာနိုင်ငံတစ်ဝန်းသို့ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်ရန် ဖောက်လုပ်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်အကြီးအကဲက ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ခံခဲ့ကြရသည့်ဒေသများ၌ နောင်သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက အသက်အိုးအိမ်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း၊ လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်းနှင့် လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း လမ်းကွန်ရက်များကို ဖောက်လုပ်သွားရန် လမ်းညွှန်ချက်အရ အဆိုပါလမ်းကွန်ရက်စီမံကိန်းများကို ဖောက်လုပ်ပေးလျက်ရှိသည်။

ဖောက်လုပ်လျက်ရှိသော လမ်းကွန်ရက်များသည် ပင်လယ်ပိုင်းဒေသများသို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်၊ သဘာဝဘေး လေဘေး၊ ရေဘေးများမှ အရေးပေါ်ကာကွယ်နိုင်ရန်၊ သဘာဝဘေးကျရောက်ပါက ရေလွတ်သက်ကယ်ကုန်းမြင့်အဖြစ် ခိုလှုံအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်။

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မုန်တိုင်းတိုက်ခတ်ပြီး ရေကြီး၊ ရေမြုပ်မှုမျိုးအပြင် မိုးခေါင်မှု၊ သောက်သုံးရေရှားပါးမှုဆိုသည့် အခြားဘေးအန္တရာယ်အမျိုးမျိုးလည်း ပါဝင်လေရာ မည်သည့် သဘာဝဘေးအန္တရာယ်မျိုးပင်ဖြစ်စေ ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

Cyclone Shelter အလုံး ၂၀ ကို ဧရာဝတီတိုင်းအတွင်း မုန်တိုင်းဒဏ်သင့်ဒေသများ၌ တည်ဆောက်ထားပြီးဖြစ်ရာ သာမန်အချိန်တွင် စာသင်ကြားရေး၌ စာသင်ဆောင်များအဖြစ် အသုံးပြုနိုင်ရေးအတွက် အခန်းဖွဲ့စည်း တည်ဆောက်ပေးထားသည်။

နိုင်ငံတော်အစိုးရသည် ဧရာဝတီတိုင်းအတွင်း လမ်းကွန်ရက်စီမံကိန်း ဖွံ့ဖြိုးတိုးတက်မှု လမ်းမကြီးများ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သက်ကယ်ကုန်းမြင့်များ၊ Cyclone Shelter များ တည်ဆောက်ထားမှုသည် အချိန်အခါနှင့်လိုက်၍ ဘက်စုံအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိခြင်းဖြစ်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊ လမ်းကွန်ရက်စီမံကိန်းများ အမြန်ပြီးစီးရန် ဒေသခံပြည်သူများက အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းလက်တွဲ ပါဝင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ကျိုက်ထိုမြို့နယ်တွင် ကျင်းပ

ကျိုက်ထို မေ ၁၁

ကျိုက်ထိုမြို့နယ်တွင် (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးခင်အောင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ ကြံ့ခိုင်ရေးနှင့် အရန်သင့်ရှိရေးကိုလည်းကောင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးဌာနမှူး ဦးတင်ထွေးက မီးသတ်တပ်ဖွဲ့နေ့ကျင်းပရခြင်းကိုလည်းကောင်း၊ မြို့မိမြို့ဖ ဦးစံမြက ဂုဏ်ပြုအမှာစကားကိုလည်းကောင်း ပြောကြားကြသည်။

ချီးမြှင့်ပေးအပ်

ထို့နောက် ထူးချွန်အရန်မီးသတ်တပ်ဖွဲ့ဝင်များကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၅-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဘဝရဲ့ နောက်ဆုံးအချိန်** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၈)
- ၈:၃၀ Sports World (Inmortol Romario & Larsson)
- ၈:၅၅ ရေလဲကလေးရွာမှ ကုသိုလ်များ ပီတိပွားလို့ မျှခံစား
- ၉:၁၀ အဘိဓမ္မာတက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော်၏ ဝိဇာတမင်္ဂလာနှင့် သင်တန်းဆင်းပွဲ
- ၉:၂၅ အားကစားမြင်ကွင်းစုံ ဦးထွန်းလှအောင်၊ ဦးစိုးမိုးကျော်၊ မြတ်သူရ
- ၁၀:၁၅ Activities in the City
  - ဒဂုံမြို့သစ်(တောင်ပိုင်း) ပညာရေးမိသားစုရှင်ပြုအလှူတော်မင်္ဂလာ
  - အလက (၉)အင်းစိန်၏ အာစရိယပူဇော်ပွဲ
- ၁၀:၄၀ ဗီဒီယိုပြခန်း
- ၁၁:၀၀ Industrial Talk [ဒေါက်တာ မျိုးသန့်တင်၊ ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
- ၁၁:၃၀ စိုက်ပျိုးဝေဆာ တို့မြေမှာ (မှန်ညင်းစိုက်ပျိုးနည်း)
- ၁၁:၄၀ ဖန်တီးသူ၏ ပညာစွမ်းမှသည်… လှပသောဘဝများဆီသို့
- ၁၂:၁၀ ဓာတ်ပုံထဲမှ အမှတ်တရများ(ရတနာ)
- ၁၂:၄၀ ရန်ကုန်ပန်တျာကျောင်းနှင့် ပန်းချီပန်းပုကျောင်းတို့၏ သင်တန်းဆင်းပွဲအမှတ်တရ
- ၁၂:၅၅ မီးလောင်ခံရသူအား ရှေးဦးသူနာပြုစုနည်း (ဒေါက်တာခင်နှင်းဦး)
- ၁:၀၀ **ဘဝရဲ့ နောက်ဆုံးအချိန်** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း လူပျိုကြီးဖြစ်တာကောင်းတယ်၊ လူပျိုကြီးမဖြစ်တာကောင်းတယ်
- ၃:၃၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၈)
- ၄:၁၅ **သူ့ဘဝ….သူ့လက်ရာ** [ဦးတင်အေး (မန္တလေး)]
- ၄:၃၀ ဖြစ်ထွန်းအောင်မြင်…. စိုက်ပျိုးဥယျာဉ်(ဒူးရင်း)
- ၄:၄၅ ရှေးမှုမပျက် ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
- ၄:၅၅ အဘိဓမ္မာတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော်၏ ဝိဇာတမင်္ဂလာနှင့် သင်တန်းဆင်းပွဲ
- ၅:၁၅ ရေလဲကလေးရွာမှ ကုသိုလ်များ ပီတိပွားလို့ မျှခံစား
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ(ရတနာ)
- ၆:၅၀ ဗီဒီယိုပြခန်း
- ၇:၀၅ စိုက်ပျိုးဝေဆာ တို့မြေမှာ (မှန်ညင်းစိုက်ပျိုးနည်း)
- ၇:၁၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ကေဂျာနူး)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း လူပျိုကြီးဖြစ်တာကောင်းတယ်၊ လူပျိုကြီးမဖြစ်တာကောင်းတယ်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၈)
- ၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၂၅ Industrial Talk
- ၁၀:၅၀ ခေတ်ပြိုင် ဂီတမှတ်တိုင်များ (ကေဂျာနူး)
- ၁၁:၂၅ ဖန်တီးမှု ဓာတ်ပုံပညာ
- ၁၁:၃၅ **သတင်းကောင်း** သျှားညို၊ ဆုပန်ထွာ၊ ပွင့် (ဒါရိုက်တာ-ညိုမင်းလွင်)
- ၁၁:၅၅ ဘိုင်းဒါးတံတား
- ၁၂:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့ ကျောက်ဖြူမြို့ အမှတ်(၁)ဆိပ်ကမ်းတံတားမှ ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဦးသိန်းဆွေ ရမ်းဗြဲနှင့် ကျောက်ဖြူမြို့ ဆိပ်ကမ်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့သည် မေ ၉ရက်က ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ ဒေါရထဆိပ်ကမ်းသို့ရောက်ရှိပြီး စစ်တွေ၊ ရမ်းဗြဲ၊ တောင်ကုတ်သွား ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောများ၊ ဆိပ်ခံတံတားနှင့် ဆိပ်ကမ်းရုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မေ ၁၀ရက် နံနက်ပိုင်းက ကျောက်ဖြူမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၁)ဆိပ်ကမ်းတံတားသို့ ရောက်ရှိပြီး တံတားကြံ့ခိုင်မှု၊ ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နိုင်မှု၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အမှတ်(၂)ဆိပ်ခံတံတား တည်ဆောက်နိုင်မှုနှင့် မြေနေရာရွေးချယ်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်ဖြူမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး ဆိပ်ကမ်းရုံးခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနတာဝန်ခံများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

မှာကြား

ယင်းနောက် ဝန်ကြီးက ဝန်ထမ်းများ စည်းလုံးညီညွတ်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နိုင်ငံအတွက် အားကိုးရသော နိုင်ငံ့ဝန်ထမ်းကောင်းဖြစ်အောင် အမြဲကြိုးပမ်းဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၁၁ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Cho Byung-Jae အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ ခုနှစ်၊ ကဆုန်လကွယ်နေ့ (ဥပုသ်နေ့)
၁၂-၅-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၀၅ ၇။ ရှမ်းတောင်တန်းဆီက တံတားကြီးများ
- ၈:၁၅ ၈။ တေးဂီတအစီအစဉ်
- ၈:၃၅ ၉။ **ချစ်လွန်းလို့**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ အတီးပြိုင်ပွဲ
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၄၅ ၁။ **AFC President's Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် Renown Sports Club (SRI)အသင်းနှင့် Nagacorp (CAM)အသင်း**
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ မြန်မာ့လေ့ရိုးရာလက်ဝှေ့
- ၆:၄၀ ၆။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၁၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၇:၄၀ ၈။ ဝတ်မှုန်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း
- ၈:၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ နိုင်ငံတကာသတင်းများ
- ၁၁။ မိုးလေဝသအခြေအနေ
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၄၁)
- ၁၃။ မြန်မာဗီဒီယိုဇာတ်လမ်း **သိင်္ဂါရသီချင်း** ဖြိုးငွေစိုး၊ ဇာဇာမင်းထက်၊ ခင်လေးနွယ်၊ မေမြင့်မိုရ် (ဒါရိုက်တာ-ညိုမင်းလွင်)
- ၁၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၅။ အစီအစဉ်ပြီး၏။

အမျိုးသမီးများအတွက် အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက မေ ၂၂ရက်မှစ၍ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ အမျိုးသမီးများအတွက် အခြေခံအင်္ဂလိပ်စာသင်တန်း အဆင့်(၁)နှင့် အဆင့်(၂)ကို ဖွင့်လှစ်မည်ဖြစ်သည်။

လျှောက်ထားနိုင်

အဆိုပါ သင်တန်းကို မေ ၂၂ရက်မှ ဇူလိုင် ၁၁ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၈နာရီမှ ၁၀နာရီအထိ ရက်သတ္တပတ် ရှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများနှင့် ဖြေဆိုထားသူ အမျိုးသမီးတိုင်း လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို အထက(၂) စမ်းချောင်း၌ စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး (အလွတ်တန်း) ဘိုးလင်းတစ်ဦးချင်းပြိုင်ပွဲများကျင်းပ

နေပြည်တော် မေ ၁၁

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၌ အောင်မြင်မှုရရှိစေရန်နှင့် သွေးသစ်အားကစားသမားများ ဖော်ထုတ်ရရှိစေရန်တို့အတွက် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘိုးလင်းအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၀ခုနှစ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး (အလွတ်တန်း) ဘိုးလင်းတစ်ဦးချင်းပြိုင်ပွဲများကို ယနေ့ နံနက် ၈နာရီတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဘိုးလင်းအားကစားခန်းမ၌ ကျင်းပရာ ဝန်ကြီးဌာနအသင်း ကိုးသင်းတို့မှ အမျိုးသား/အမျိုးသမီး စုစုပေါင်း ၅၄ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

စခန်းသွင်းလေ့ကျင့်

ပြိုင်ပွဲကို မေ ၁၃ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်းနှင့် တတိယဆု ကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ရာ ဆုရရှိကြသူများနှင့် အလားအလာရှိသူ သွေးသစ်အားကစားသမားများအား မြန်မာနိုင်ငံဘိုးလင်းအားကစားအဖွဲ့ချုပ်မှ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)
၁၃-၅-၂၀၁၀

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇:၀၅ တရားတော် (မင်္ဂလသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၇:၃၀ (၃၈)ဖြာမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန် + သတင်း
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၈:၃၀ လောကနီတိအသိရှိစေဖို့ ပညာရှိကိုဆိုရာ (အပိုင်း-၂)
- ၈:၃၅ တေးပဒေသာ
- ၁၀:၀၀ မင်္ဂလာလက်ဆောင်
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၃၅ တေးပဒေသာ
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၂၅ ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (ဂရေဟမ်)
- ၁၁:၄၅ သိပ္ပံပညာသိကောင်းစရာ (လင်းနက်ကားပေါလင်း-ဒေါက်တာခင်မောင်ညို)
- ၁၁:၅၅ တေးသီချင်း
- ၁၂:၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
- ၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (ဝါး)
- ၁၂:၃၀ Music Talk (23) တေးပဒေသာ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ တေးပဒေသာ
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၃၀ အမှတ်တရတေးလက်ဆောင်
- ၁၇:၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (အရေးကြုံ သက်လုံကောင်းစေဖို့) တေးပဒေသာ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ ရေဒီယိုဇာတ်လမ်းတွဲများ (ပြာလွင်ကမ္ဘာ အခရာ အပိုင်း-၂)
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ ညနေခင်းတေးပဒေသာ
- ၁၈:၂၅ ကျေးလက်ဇာတ်လမ်း (သူလည်းခါးခါး ကိုယ်လည်းခါးခါး)
- ၁၈:၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
- ၁၉:၃၀ သုတစုံကြွယ်သိစေဖွယ် (သားသမီးနဲ့မိဘ)
- ၁၉:၄၀ ရေဒီယိုအတိုတ်တေးအရိပ်
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (ရွှေလက်မြဲမြဲ တွဲပါလေ)
- ၂၀:၅၀ တေးသံစုံ (ဂီတနက်သန်အဖွဲ့) စီးပွားရေးဦးတည်ချက်
- ၂၁:၀၀ ဆောင်းပါး (သိပ္ပံခေတ်မှာ အနုပညာ ပန်းချီလက်ရာများ နှစ်ခြိုက်သူများ)
- ၂၁:၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော Mr.Apirath Vienravi ၄င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

✻ ရွှေဖုံးမှ

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ထူးခြားသည့်နေ့အပူချိန်များ

၁၁-၅-၂၀၁၀

ချောက်မြို့	၄၄ ဒီဂရီစင်တီဂရိတ်
မုံရွာမြို့	၄၃ ဒသမ ၈ ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့	၄၃ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၃ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၃ ဒီဂရီစင်တီဂရိတ်
ရမည်းသင်းမြို့	၄၃ ဒီဂရီစင်တီဂရိတ်
ပြည်မြို့	၄၃ ဒီဂရီစင်တီဂရိတ်
သိမ်ဇရပ်မြို့	၄၃ ဒီဂရီစင်တီဂရိတ်

မြန်မာနိုင်ငံ ဒေသအချို့တွင် သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရ နိုင်ငံတော်အစိုးရ၏ စီမံညွှန်ကြားမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်း၍

သောက်သုံးရေလုံလောက်စွာရရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၁

ယခု နွေနှောင်းပိုင်းကာလများအတွင်း မြန်မာနိုင်ငံ ဒေသအချို့တွင် သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရကြောင်း သိရှိရသည်။ လွန်ခဲ့သည့်နှစ်က မိုးနည်းခဲ့ခြင်း၊ ယခုနှစ်နွေရာသီကာလအတွင်း ပိုမိုပူပြင်းခြင်းနှင့် မိုးဦးအဝင်နောက်ကျခြင်းတို့ကြောင့် ထိုကဲ့သို့ ဒေသအချို့တို့၌ သောက်သုံးရေရှားပါးမှုများ ဖြစ်ပေါ်နေရခြင်းဖြစ်သည်။

စီစဉ်ဆောင်ရွက်

အဆိုပါ သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသည့် ဒေသများ၌ နိုင်ငံတော်အစိုးရ၏ စီမံညွှန်ကြားမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်း၍ သောက်သုံးရေလုံလောက်စွာရရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၁၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားသည့် အဖွဲ့များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP) သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် မေ ၁၁ရက်တွင် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့ (၃၁)ဖွဲ့အနက် (၂၈)ဖွဲ့ကို နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းသို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်သော အဖွဲ့(၂၈)ဖွဲ့အနက် အောက်ဖော်ပြပါ အဖွဲ့များက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ ခုနှစ် မေ ၁၁ရက်တွင် လာရောက်လျှောက်ထားခဲ့ကြသည်-

(၁) ဒီမိုကရက်တစ်ပါတီ (မြန်မာ)

(၂) ကယန်းအမျိုးသားပါတီ

(၃) မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသား အင်အားစု

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးသော အဖွဲ့(၂၈)ဖွဲ့အနက် (၆)ဖွဲ့က ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ ဟိုတယ်လုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းသစ်ဖွင့်လှစ်မည်

ရန်ကုန် မေ ၁၁

ပြည်တွင်း၊ ပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်ချင်သူများအတွက် ရည်ရွယ်၍ SOP Course for Hotel & Cruise Staff သင်တန်းအပတ်စဉ် အသစ်ကို မေလ (တတိယပတ်) အတွင်း Star Resources Hospitality Management Academy ၌ဖွင့်လှစ်မည်ဖြစ်သည်။

စာတွေ့၊ လက်တွေ့

သင်တန်းကာလအတွင်း Hotelier Lifeတွင် အလုပ်အကိုင် အခွင့်အလမ်းပေါများသော F&B Service (Waiter / Waitress)၊ Housekeeping (Room Attendant) နှင့် The Art of Napkin Folding စသည်တို့ကို Institute of Hospitality (UK) နှင့် Institute of AH&LA (USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ International Five Star Hotel များတွင် တာဝန်ထမ်းဆောင်ခဲ့သူများ ကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စာတွေ့၊ လက်တွေ့သင်ကြားပေးမည်ဖြစ်သည်။

ဖွင့်လှစ်သင်ကြားပေး

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် မေလ (တတိယပတ်) အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အစည်းအဝေး (၂၉/၂၀၁၀) ကျင်းပ

နေပြည်တော် မေ ၁၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အစည်းအဝေး (၂၉/၂၀၁၀)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များအား စိစစ်ခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့် တိုင်းများမှ ဘိန်းခင်းစုစုပေါင်း ၂၀၃၆၂ ဒသမ ၀၄ ဧက ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် မေ ၁၁

၂၀၀၉-၂၀၁၀ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ၂၀၁၀ ခုနှစ် ဧပြီ ၃၀ရက်အထိ ပြည်နယ်/တိုင်းအလိုက် ဘိန်းခင်း ၂၀၂၅၄ ဒသမ ၄၉ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

မေ ၁ရက်မှ ၆ ရက်အတွင်း ပြည်နယ်/တိုင်းများအလိုက် ဘိန်းခင်း၁၀၇ ဒသမ ၅၅ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ဘိန်းခင်းဖျက်ဆီးနိုင်ခဲ့မှုမှာ ၂၀၃၆၂ ဒသမ ၀၄ ဧကရှိကြောင်း၊ ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း ၁၀၇ ဒသမ ၅၅ ဧက အနက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံမြို့နယ်အတွင်းမှ ၅ ဒသမ ၅ ဧက၊ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းမှ ၁၀၂ ဒသမ ၀၅ ဧကဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာဖွယ်

နေပြည်တော် မေ ၁၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်ရှိပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိနှင့် ကျန်ဒေသများတွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၉၈ လက်မနှင့် ကျိုင်းတုံမြို့တွင် ၀ ဒသမ ၂၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မေ ၁၂ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတကာ ဖောင်ပီတ်သတင်း

အယ်လ်ခိုင်ဒါနှင့်ဆက်နွယ်သူများ၏ အကြမ်းဖက် ဗုံးဖောက်ခွဲ၊ ပစ်ခတ်မှု အီရတ်နိုင်ငံတစ်ဝန်းတွင် လူ ၁၀၀ ကျော်သေဆုံး၊ ၃၀၀ ကျော် ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၁၁

အီရတ်နိုင်ငံတစ်ဝန်းရှိ ဈေးများ၊ အထည်စက်ရုံ၊ စစ်ဆေးရေးဂိတ်များနှင့် အခြားနေရာများကို မေ ၁၀ရက်က အယ်လ်ခိုင်ဒါများနှင့် ဆက်နွယ်နေသည်ဟု ယူဆရသော ဗုံးခွဲသမားများနှင့် သေနတ်သမားများ၏ ဖောက်ခွဲတိုက်ခိုက်၊ ပစ်ခတ်မှုများကြောင့် လူ ၁၀၀ကျော် သေဆုံးခဲ့ရသည်ဟုဆိုသည်။

ဒဏ်ရာရ

ဘဂ္ဂဒက်မြို့တော် နိုင်ငံ၏ တောင်ပိုင်းမှ ရေနံအဓိကထွက်ရှိရာဒေသဖြစ်သည့် ဘာဆာရာမြို့၊ အခြားမြို့ငယ်များနှင့် မြို့ကြီးများတွင် ယင်းတိုက်ခိုက်မှုများကြောင့် လူ ၃၀၀ကျော် ဒဏ်ရာရခဲ့သည်ဟုဆိုသည်။

ပြောကြား

အယ်လ်ခိုင်ဒါများအပေါ်တွင် ပြင်းပြင်းထန်ထန် တိုက်ခိုက်ချေမှုန်းခဲ့လင့်ကစား ကျန်ရှိနေဆဲဖြစ်သော အယ်လ်ခိုင်ဒါအဖွဲ့ငယ်များမှာ ၎င်းတို့တည်ရှိနေမှုနှင့် သြဇာလွှမ်းမိုးမှုကို ပြနိုင်ရန် ကြိုးစားသည့်အနေဖြင့် ဖောက်ခွဲတိုက်ခိုက်မှု၊ အကြမ်းဖက်ပစ်ခတ်မှုများကို ဆက်လက်ပြုလုပ်နေဆဲပင်ဖြစ်ကြောင်း ဘဂ္ဂဒက်လုံခြုံရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ကက်ဆင်အယ်လ်မောက်ဆာဝီက ဖွင့်ဟပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

တွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် အမေရိကန်နိုင်ငံ အရှေ့အာရှနှင့် ပစိဖိတ်ဒေသရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး **Mr. Kurt Campbell** တို့ တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

NLD က ပြဋ္ဌာန်းထားသည့်ဥပဒေများသည် တရားမျှတမှုမရှိဟုဝေဖန်ပြီး မှတ်ပုံတင်ရန်ငြင်းပယ်ခဲ့

အခြေခံဥပဒေကို ပြင်ဆင်လိုပါက ရွေးကောက်ပွဲဝင်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်သာဖြစ်

အခြေခံဥပဒေကို ညှိနှိုင်းပြင်ဆင်ခွင့် တောင်းဆိုနေခြင်းမှာ မဖြစ်နိုင်သည်ကို တောင်းဆိုနေခြင်းသာဖြစ်

မြန်မာနိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ်ကို ကျဉ်းမြောင်းသည့်ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲဖြင့် ရှုမြင်ခြင်းမပြုဘဲ ပိုမိုကျယ်ပြန့်သည့်ရှုထောင့်မှ ကြည့်ရှုရန်လိုအပ်

အမေရိကန်နိုင်ငံ အရှေ့အာရှနှင့်ပစိဖိတ်ဒေသရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Campbell နှင့်အဖွဲ့ နေပြည်တော်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးတို့နှင့် တွေ့ဆုံ

နေပြည်တော် မေ ၁၁

အမေရိကန်နိုင်ငံ အရှေ့အာရှနှင့်ပစိဖိတ်ဒေသရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Campbell နှင့်အဖွဲ့သည် မေ ၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးတို့နှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် အမေရိကန်နိုင်ငံ အရှေ့အာရှနှင့်ပစိဖိတ်ဒေသရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Campbell တို့သည် မေ ၉ ရက် မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ရှင်းလင်းပြောကြားရာ၌ အဆွေတော်နှင့် ပထမအကြိမ်တွေ့ပြီးနောက်ပိုင်း မိမိတို့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးနှင့်ပတ်သက်ပြီး တိုးတက်ဖြစ်ထွန်းမှု အများအပြား ရှိခဲ့ပါကြောင်း။

အာမခံချက်ပေးထား

ယခု ၂၀၁၀ခုနှစ်အတွင်း မိမိတို့နိုင်ငံတွင် ပါတီစုံ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးမည် ဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့် နည်းဥပဒေများကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုလည်း ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ နိုင်ငံရေးပါတီများ တည်ထောင်ခွင့်ပြုခြင်း၊ ပါတီစုံအထွေထွေရွေးကောက်ပွဲများ ကျင်းပခြင်းတို့ကို လွတ်လပ်ပြီး တရားမျှတမှုရှိအောင် စနစ်တကျကြပ်မတ် ကျင်းပဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း၊ **ယခုထုတ်ပြန်ခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများသည် နိုင်ငံရေးပါတီများ လွတ်လပ်တရားမျှတစွာ ဖွဲ့စည်းဆောင်ရွက်ခွင့်ရအောင် အာမခံချက်ပေးထားပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများသည်လည်း ရွေးကောက်ပွဲများကို လွတ်လပ်ပြီး တရားမျှတစွာ၊ ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်အောင်၊ အားလုံးပါဝင်ခွင့်ရအောင် အာမခံချက်ပေးထားပါကြောင်း။**

ယခုဆိုလျှင် အထက်ပါနိုင်ငံရေးပါတီဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီပေါင်း (၃၆)ပါတီက ကော်မရှင်တွင် ပါတီတည်ထောင်ခွင့် လျှောက်ထားခဲ့ကြပြီး ၎င်းအနက် (၃၁)ပါတီကို ပါတီတည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ထပ်မံလျှောက်ထားမှုများလည်း ရှိနေမည်ဟု မျှော်လင့်ရပါကြောင်း၊ တစ်သီးပုဂ္ဂလအဖြစ် ရွေးကောက်ပွဲဝင်ကြမည့်သူများ အများအပြားရှိနေသည်ကိုလည်း တွေ့ရှိရပါကြောင်း။

သို့သော်လည်း NLD က ပြဋ္ဌာန်းထားသည့်ဥပဒေများသည် တရားမျှတမှုမရှိဟု ဝေဖန်ပြီး မှတ်ပုံတင်ရန်ငြင်းပယ်ခဲ့ပါကြောင်း၊ မိမိတို့အနေနှင့် အားလုံးပါဝင်ခွင့်ရအောင် ဆောင်ရွက်ပေးခဲ့သော်လည်း NLD က မပါဝင်ခြင်းမှာ ၎င်း၏ သဘောသာဖြစ်ပါကြောင်း။

> **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် ထောင်ဒဏ်ကျခံနေရသူများကို ပါတီဝင်အဖြစ် စည်းရုံးခွင့်မပြုခြင်းသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့်မဆိုင်ဘဲ မြန်မာနိုင်ငံရှိ အကျဉ်းထောင်အသီးသီးတွင် ထောင်ဒဏ်ကျခံနေရသူများအားလုံးကို ရည်ရွယ်ခြင်းသာဖြစ်။**

လေးစားလိုက်နာ

NLD က တရားမျှတမှုမရှိဟု ဝေဖန်ထောက်ပြသည့် အဓိကအချက် (၃)ချက် ရှိပါကြောင်း၊ ပထမအချက်မှာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ (၆) အပိုဒ်ခွဲ (ဂ)ပါ နိုင်ငံရေးပါတီများသည် "ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရမည်" ဆိုသည့်အချက် ဖြစ်ပါကြောင်း၊ ၎င်းတို့က အခြေခံဥပဒေကို ပြန်လည်ညှိနှိုင်းပြင်ဆင်ခွင့် တောင်းခံထားသည့်အတွက် ဤပြဋ္ဌာန်းချက်ကို လက်မခံနိုင်ဟု ဆိုပါကြောင်း၊ ဤပြဋ္ဌာန်းချက်သည် အခြေခံဥပဒေကိုထိန်းသိမ်းရန်ဟုသာ ဖော်ပြထားခြင်းဖြစ်ပြီး အခြေခံဥပဒေကို မည်သည့်အခါမျှ မပြင်ဆင်ပါ၊ ပြင်ဆင်ရန် မကြိုးစားပါဟု ကတိပေးရခြင်းမဟုတ်ပါကြောင်း၊ အခြေခံဥပဒေကို ပြင်ဆင်ခွင့်မရှိ၊ ပြင်ဆင်ခြင်းမပြုရဟု ပြဋ္ဌာန်းချက်မဟုတ်ပါကြောင်း၊ အခြေခံဥပဒေ အခန်း (၁၂)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ခွင့်ရှိပါကြောင်း၊ ရွေးကောက်ပွဲဝင်ရောက်ပြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်လာသည့်အခါ လွှတ်တော်အတွင်းဆွေးနွေးပြီး အခြေခံဥပဒေပြင်ဆင်ခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ပြင်ဆင်သွားနိုင်မှာဖြစ်ပါကြောင်း၊ သို့သော်လည်း လွှတ်တော်ပြင်ပမှာ ပြင်၍မရနိုင်ပါကြောင်း၊ NLD မှာလည်း ပြင်ဆင်ခွင့်မရှိပါကြောင်း၊ အစိုးရမှာလည်း ပြင်ဆင်ခွင့်အာဏာမရှိပါကြောင်း၊ ပြည်သူအများစုက တစ်ခဲနက် ထောက်ခံအတည်ပြုပြီးဖြစ်၍ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်ပေါ်ပေါက်လာသည့်အခါ ပြည်သူ့ကိုယ်စားလှယ်ဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များက အခြေခံဥပဒေ ပြင်ဆင်ခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်ခွင့်ရှိမှာဖြစ်ပါကြောင်း၊ **ထို့ကြောင့် အခြေခံဥပဒေကို ပြင်ဆင်လိုပါက ရွေးကောက်ပွဲဝင်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်သာ ဖြစ်ပါကြောင်း၊ ထိုသို့မဟုတ်ဘဲ အခြေခံဥပဒေကို ညှိနှိုင်းပြင်ဆင်ခွင့် တောင်းဆိုနေခြင်းမှာ မဖြစ်နိုင်သည်ကို တောင်းဆိုနေခြင်းသာ ဖြစ်ပါကြောင်း၊ ၎င်းအချက်အပေါ် အခြေခံလျက် မှတ်ပုံမတင်ဟုဆုံးဖြတ်ခြင်း၊ ရွေးကောက်ပွဲမဝင်ဟု ပြောနေခြင်းများသည်လည်း မည်သည့် အကျိုးမျှမရနိုင်ဘဲ အခြေအနေကို ပိုမိုရှုပ်ထွေး ခက်ခဲစေရုံသာရှိမည်ဖြစ်ပါကြောင်း၊ ထိပ်တိုက်ရင်ဆိုင်ရေးလမ်းပေါ်ရောက်စေရုံသာ ရှိမည်ဖြစ်ပါကြောင်း၊** ထို့ပြင် ဤပြဋ္ဌာန်းချက်သည် အခြေခံဥပဒေနှင့်အညီ ပြဋ္ဌာန်းခဲ့ခြင်းသာဖြစ်ပါကြောင်း၊ အခြေခံဥပဒေပုဒ်မ (၄၀၅)တွင် "နိုင်ငံရေးပါတီများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်" ဟု ပြဋ္ဌာန်းထားပါကြောင်း။

ဒုတိယအချက်မှာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ (၁၀)၊ အပိုဒ်ခွဲ (င)ပါ "ထောင်ဒဏ်ကျခံနေရသူများကို ပါတီဝင်အဖြစ်စည်းရုံးခြင်းမပြုရ" ဟူသော ပြဋ္ဌာန်းချက်ဖြစ်ပါကြောင်း၊ ဤပြဋ္ဌာန်းချက်မှာ လက်ရှိထောင်ဒဏ်ကျခံနေရသူများ ပါတီဝင်မဖြစ်နိုင်သော်လည်း ထောင်ဒဏ်လွတ်မြောက်ပြီးသည့်အခါ ပါတီဝင်မဖြစ်ရဟု သတ်မှတ်ခြင်းမဟုတ်ပါကြောင်း၊ နိုင်ငံရေးပါတီဆိုသည်မှာ ပြည်သူများ အားကိုးအားထားပြုရမည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့သော အဖွဲ့အစည်းတစ်ခုတွင် ပြစ်မှုကျူးလွန်သဖြင့် ထောင်ကျနေသူများ ပါသင့်/မပါသင့် စဉ်းစားကြစေလိုကြောင်း၊ ထောင်ကျနေသူများထဲတွင် သာမန်ပြစ်မှုကျူးလွန်သူများ ပါနိုင်သကဲ့သို့ ရာဇဝတ်ပြစ်မှုကြီးများကို ကျူးလွန်သူများလည်း ပါဝင်နိုင်ပါကြောင်း၊ **နိုင်ငံတော်ကိုဦးဆောင်သည့် ပါတီတစ်ခုတွင် ထိုကဲ့သို့ ထောင်ကျနေဆဲသူများ မပါဝင်သင့်ဆိုသည်မှာ သာမန်အတွေးဖြင့်ပင် သိနိုင်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် ထောင်ဒဏ်ကျခံနေရသူများကို ပါတီဝင်အဖြစ် စည်းရုံးခွင့်မပြုခြင်းသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့်မဆိုင်ဘဲ မြန်မာနိုင်ငံရှိ အကျဉ်းထောင်အသီးသီးတွင် ထောင်ဒဏ်ကျခံနေရသူများ အားလုံးကို ရည်ရွယ်ခြင်းသာဖြစ်သည်မှာ ထင်ရှားပါကြောင်း။**

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှ

လိုရာစွဲဝေဖန်ချက်

တတိယအချက်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ (၁၀)၊ အပိုဒ်ခွဲ (က)ပါ "ထောင်ဒဏ်ကျခံနေရသူများ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေရ" ဆိုသည့် ပြဋ္ဌာန်းချက်ဖြစ်ပါကြောင်း၊ ၎င်းပုဒ်မသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရွေးကောက်ပွဲဝင်ခွင့်မရအောင် ရည်ရွယ်ပြဋ္ဌာန်းခြင်းဖြစ်သည်ဟု ဝေဖန်စွပ်စွဲကြပါကြောင်း၊ ဤသည်မှာ အမှန်တရားနှင့် အလှမ်းဝေးသည့် လိုရာစွဲဝေဖန်ချက်သာ ဖြစ်ပါကြောင်း၊ အမှန်စင်စစ် ထိုပြဋ္ဌာန်းချက်သည် မြန်မာနိုင်ငံ၏စံနှုန်းများ၊ နိုင်ငံတကာ၏စံနှုန်းများနှင့်အညီ ပြဋ္ဌာန်းခြင်းသာဖြစ်ပြီး အသစ်အဆန်းပြဋ္ဌာန်းခြင်းမဟုတ်ပါကြောင်း။

၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် "လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ထောင်ဒဏ်ကျခံနေရစဉ်ကာလနှင့် ထောင်ဒဏ်မှကင်းလွတ်ပြီးနောက် ၅ နှစ်ကာလအထိ လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခွင့်မရှိ" ဟု ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၁၉၈၉ ခုနှစ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင်လည်း "ထောင်ဒဏ်ကျခံနေရသူများ ရွေးကောက်တင်မြှောက်ခံခွင့်မရှိရ" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အတူ စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်း၊ အိန္ဒိယ၊ ပါကစ္စတန်နိုင်ငံများအပါအဝင် အာရှနိုင်ငံအများစု၏ ဥပဒေများတွင်လည်း ထောင်ဒဏ်ကျခံနေရသူများ ဝင်ရောက်ရွေးချယ်ခံခွင့်မရှိ ဆိုသည့်အချက်ကိုလည်းကောင်း၊ အချို့နိုင်ငံများဆိုပါလျှင် ထောင်ဒဏ်ကျခံနေရစဉ်သာမက ထောင်ဒဏ်မှလွတ်ပြီး ၅နှစ် မကျော်သေးလျှင် ဝင်ရောက်ရွေးချယ်ခံခွင့်မရှိဆိုသည့် အချက်ကိုလည်းကောင်း ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရပါကြောင်း။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် အမေရိကန်နိုင်ငံ အရှေ့အာရှနှင့် ပစိဖိတ်ဒေသရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **Mr. Kurt Campbell** နှင့် အဖွဲ့တို့ တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အမေရိကန်နိုင်ငံ အရှေ့အာရှနှင့် ပစိဖိတ်ဒေသရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **Mr. Kurt Campbell** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

ယခု မိမိတို့၏ ရွေးကောက်ပွဲဥပဒေသည် ထောင်ဒဏ်ကျခံနေရစဉ် ကာလအတွင်းသာ ရွေးကောက်ပွဲဝင်ခွင့်မပြုခြင်းဖြစ်ပြီး ထောင်မှလွတ်ပြီးသည်နှင့် ရွေးကောက်ပွဲဝင်ရောက်ခွင့်ရှိကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံ၏ ယခင်ကပြဋ္ဌာန်းကျင့်သုံးခဲ့သည့် ဥပဒေများထက်လည်းကောင်း၊ အခြားနိုင်ငံများ၏ ဥပဒေများထက်လည်းကောင်း ပိုမိုပျော့ပျောင်းသည်ကို တွေ့နိုင်ပါကြောင်း၊ ထိုပြဋ္ဌာန်းချက်သည် ဆန့်ကျင်ဘက်များက စွပ်စွဲပြောဆိုနေသည့်အတိုင်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရည်ညွှန်းပြဋ္ဌာန်းခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံးရှိ ထောင်ဒဏ်ကျခံနေရသူအားလုံးကို ရည်ရွယ်ခြင်းဖြစ်သည် ဆိုသည်မှာ ထင်ရှားပါကြောင်း၊ မိမိတို့အနေနှင့် ပြဋ္ဌာန်းပြီးဖြစ်သည့် ရွေးကောက်ပွဲဆိုင်ရာဥပဒေများနှင့်အညီ ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာရှိအောင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း။

တရားမျှတမှု

ယခုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက်လည်း ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများတွင် အသေးစိတ် ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် ပြောရလျှင် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေနှင့် မဲရုံအသီးသီးတွင် ၎င်းတို့ကိုယ်စားဆောင်ရွက်နိုင်ရန် မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တစ်ဦးစီ ခန့်ထားခွင့်ပြုထားပါကြောင်း၊ မဲပုံးများကို အများမြင်သာသောနေရာတွင် ထားမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းမဲပေးရာတွင်လည်း အများရှေ့မှောက်တွင် မဲပုံးအတွင်း မဲထည့်ရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်း ပြီးဆုံးသည့်အခါ ဆန္ဒမဲရေတွက်ခြင်းကိုလည်း ထိုမဲရုံတွင်ပင် ရေတွက်စေမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆန္ဒမဲရေတွက်ရာတွင် မဲရုံမှူးကိုယ်တိုင် သို့မဟုတ် တာဝန်ပေးအပ်ထားသည့် မဲရုံအဖွဲ့ဝင်ကဦးစီးပြီး မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကခန့်ထားသည့် မဲရုံကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မဲဆန္ဒ ရေတွက်ပြီးလျှင် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ ရရှိသည့်ဆန္ဒမဲစာရင်းတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ မဲရုံကိုယ်စားလှယ်များက ပါဝင်လက်မှတ်ထိုးရမှာဖြစ်ကြောင်း၊ ထိုစာရင်းကို အထက်အဆင့် ကော်မရှင်အဖွဲ့ခွဲများသို့ စာအိတ်ချိပ်ပိတ်ပြီး ပေးပို့ရာမှာလည်း ကိုယ်စားလှယ်လောင်း၏ မဲရုံကိုယ်စားလှယ်များကို သက်ဆိုင်ရာမဲရုံမှူးများနှင့်အတူ ပါဝင်ပြီး ချိပ်တံဆိပ် ရိုက်နှိပ်ခွင့် ပေးထားသည်ကို တွေ့နိုင်ပါကြောင်း၊ ယခုကဲ့သို့ စီမံဆောင်ရွက်ပေးထားမှုများကိုကြည့်လျှင် ရွေးကောက်ပွဲသည် ပွင့်လင်းမှု၊ လွတ်လပ်ပြီးတရားမျှတမှု အပြည့်အဝရှိသည်ဆိုသည်ကို တွေ့နိုင်ပါကြောင်း။

ကမ္ဘာ့အချို့သောနိုင်ငံများတွင်ကျင်းပသည့် ရွေးကောက်ပွဲများကို ပြန်ကြည့်လျှင် ဆန္ဒမဲများကို ချက်ချင်းရေတွက်မှုမပြုဘဲ မဲပုံးများကို ပြည်နယ်မြို့တော် သို့မဟုတ် နိုင်ငံမြို့တော်ကို ပြန်သယ်ပြီးမှ မဲရေတွက်ခြင်းဖြစ်ပါကြောင်း၊ ထိုအချက်များနှင့် နှိုင်းယှဉ်လျှင် မိမိတို့၏ရွေးကောက်ပွဲသည် ပိုမို၍ ပွင့်လင်းမြင်သာမှုရှိကြောင်းကို နားလည်သိရှိနိုင်ပါကြောင်း။

မှီငြမ်းပြုရေးဆွဲထား

ယခုပြဋ္ဌာန်းထားသည့်ဥပဒေများသည် ပြည်သူများ၏ တစ်ခဲနက် ထောက်ခံအတည်ပြုထားသည့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံပြီးရေးဆွဲထားခြင်း ဖြစ်ပါကြောင်း၊ ထို့အတူ မိမိတို့နိုင်ငံတွင် ၁၉၄၈-၆၂ ခုနှစ်အတွင်း ပါလီမန်ဒီမိုကရေစီခေတ်ကာလက ထုတ်ပြန်ကျင့်သုံးခဲ့သည့်ဥပဒေများ၊ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ထုတ်ပြန်ကျင့်သုံးခဲ့သည့် ဥပဒေများကို မှီငြမ်းပြုရေးဆွဲထားခြင်းလည်းဖြစ်ပါကြောင်း။

ထို့အပြင် မိမိတို့နိုင်ငံ၏ လက်ရှိပကတိ အရှိတရားများနှင့် ကိုက်ညီအောင်၊ ကျိုးကြောင်း ညီညွတ်ပြီး တရားမျှတမှုရှိအောင် အဘက်ဘက်က ချင့်ချိန်ညှိနှိုင်း ရေးဆွဲထားခြင်းလည်း ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတကာမှ ရေးဆွဲကျင့်သုံးဆောင်ရွက်နေကြသည့် ဥပဒေစံနှုန်းများနှင့်လည်း စံမီညီညွတ်သည်ကို တွေ့နိုင်ပါကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် ရွေးကောက်ပွဲပါဝင်ခွင့် ရှိ/မရှိ၊ ပါတီတစ်ခုက ကြိုက်/မကြိုက် ဟူသည့် ပေတံနှင့် ထုတ်ပြန်ထားသည့်ဥပဒေကို တိုင်းတာပြီး တရားမျှတမှု ရှိ/မရှိ၊ ပြင်းထန်တင်းကျပ်မှု ရှိ/မရှိ ဝေဖန်ပိုင်းခြား၍မရနိုင်ပါကြောင်း၊ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများတွင် လူပုဂ္ဂိုလ်တစ်ဦး၊ ပါတီတစ်ခုကလိုလားသည့် ပုံစံအတိုင်း ဖြစ်/မဖြစ်ထက် နိုင်ငံ၏ ပကတိအခြေအနေနှင့် ပြည်သူများ၏ အကျိုးစီးပွားနှင့် ညီ/မညီ၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးသို့ တည်ငြိမ်အေးချမ်းစွာ ကူးပြောင်းနိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံတွင် ယခင်ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ၏ စံနှင့် ညီ/မညီ၊ နိုင်ငံတကာ ဥပဒေများ၏ စံနှင့် ညီ/မညီဆိုသည့် အချက်များကိုသာ အခြေပြုစဉ်းစားဆုံးဖြတ်ရမည် ဖြစ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်

မည်သည့်နိုင်ငံတွင်မဆို တစ်ဦးမကျန် အားလုံးက လုံးဝဥသုံ့ခြွင်းချက်မရှိ သဘောတူလက်ခံနိုင်မည့် ဥပဒေမျိုးကို ပြဋ္ဌာန်း၍ရနိုင်မည်မဟုတ်ပါကြောင်း၊ အများစုက လက်ခံသဘောကျသည့် ဥပဒေမျိုးကိုသာ ပြဋ္ဌာန်းနိုင်မည်ဖြစ်ပါကြောင်း၊ ဤသည်ကို အဆွေတော်တို့အားလုံး နားလည်လက်ခံထားပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတိုင်းသည် မိမိ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်အောင်၊ မထိခိုက်အောင် ဦးတည်ဆောင်ရွက်ကြခြင်းမှာ မှန်ကန်သည့်လုပ်ရပ်ပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ယခု ထိုဥပဒေများ ပြဋ္ဌာန်းခြင်းသည် အမျိုးသားအကျိုးစီးပွားဖော်ဆောင်နိုင်ရေး ဦးတည်ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စသက်သက်လည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ်ကို ကျဉ်းမြောင်းသည့်ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲဖြင့် ရှုမြင်ခြင်းမပြုဘဲ ပိုမိုကျယ်ပြန့်သည့်ရှုထောင့်မှ ကြည့်ရှုရန်လိုအပ်ပါကြောင်း၊ ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရာတွင် ရွေးကောက်ပွဲသည် မလွဲမသွေဖြတ်သန်းရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစွာ အောင်အောင်မြင်မြင် ကျင်းပနိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

မိမိတို့အနေနှင့် ယခုကဲ့သို့ တရားမျှတ ကျိုးကြောင်းညီညွတ်သည့် ဥပဒေများပြဋ္ဌာန်းပြီး ဆောင်ရွက်ပေးခဲ့သော်လည်း NLD က ဒေါ်စုကြည်၏ လမ်းညွှန်ချက်အရ မှတ်ပုံမတင်ရန်၊ ရွေးကောက်ပွဲမဝင်ရန် ဆုံးဖြတ်ခဲ့ကြပြီး ဖြစ်ပါကြောင်း၊ သို့သော်လည်း ထိုဆုံးဖြတ်ချက်များကို သဘောမတူသည့် NLD CEC များ၊ NLD CC အဖွဲ့ဝင်များနှင့်

စာမျက်နှာ ၇ ကော်လံ ၁သို့

မြန်မာနိုင်ငံ၏ဒီမိုကရေစီလုပ်ငန်းစဉ်ကို ကျဉ်းမြောင်းသည့်ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲဖြင့် ရှုမြင်ခြင်းမပြုဘဲ ပိုမိုကျယ်ပြန့်သည့် ရှုထောင့်မှ ကြည့်ရှုရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရာတွင် ရွေးကောက်ပွဲသည် မလွဲမသွေဖြတ်သန်းရမည့် လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစွာ အောင်အောင်မြင်မြင် ကျင်းပနိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလို။

NLD မပါဝင်သော်လည်း ၈-၅-၂၀၁၀ ရက်နေ့အထိ ကော်မရှင်တွင် ပါတီတည်ထောင်ခွင့်လျှောက်ထားသည့် ပါတီပေါင်း (၃၆)ပါတီရှိနေပြီဖြစ်ပါကြောင်း၊ ၎င်းပါတီများအနက် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ 'ဝ'၊ မြို (ခေါ်) ခမိ၊ ကယန်း၊ အင်း၊ လားဟူနှင့် ကိုးကန့်စသည့် တိုင်းရင်းသားလူမျိုးပါတီများလည်း ပါဝင်သည်ကို တွေ့နိုင်။

ပါတီဖွဲ့စည်းထူထောင်ရန် စတင်အဆိုပြုသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်နှင့် ရွေးကောက်ပွဲဥပဒေ၏ ပြဋ္ဌာန်းချက်များအတိုင်း အစိုးရဝန်ထမ်းမှ နုတ်ထွက်ပြီးဖြစ်ပါကြောင်း၊ ဝန်ကြီး၊ ဒုတိယဝန်ကြီး ရာထူးများသည် အစိုးရဝန်ထမ်း မဟုတ်သော နိုင်ငံရေးတာဝန်များသာဖြစ်။

မိမိတို့နိုင်ငံသည် အကြမ်းဖက်ဝါဒကို ဆန့်ကျင်သည့် နိုင်ငံဖြစ်ပါကြောင်း၊ အကြမ်းဖက်လုပ်ရပ်များ တိုက်ဖျက်ရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာ အကြမ်းဖက်မှုနှင့် ပတ်သက်သည့် ကုလသမဂ္ဂ ကွန်ဗင်းရှင်း(၁၃)ခုရှိသည့်အနက် (၁၁)ခုတွင် ပါဝင်လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက်ရှိ။

အကြောင်းအရာ ကိစ္စတစ်ခုနှင့် ပတ်သက်ပြီး ဒီမိုကရေစီ သဘောအရ ကြိုက်သူ၊ မကြိုက်သူ၊ ထောက်ခံသူ၊ ကန့်ကွက်သူ ရှိမည်ဖြစ်ကြောင်း၊ သို့သော် အများစုက ကြိုက်နှစ်သက် ထောက်ခံပါက ဒီမိုကရေစီ သဘောအရ ထိုအကြောင်းအရာ ကိစ္စသည် အတည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မိမိတို့၏ ၂၀၁၀ ရွေးကောက်ပွဲသည် တရားဝင်ပါကြောင်း။

နိုင်ငံတော်နှင့် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်ကြမည်

နိုင်ငံတော်နှင့် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုတို့အတွက် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒနှင့် အတည်ပြုထားပြီးဖြစ်သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ထားသော ဥပဒေများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူများအတွက် ထိုက်တန်သည့် အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ရေးအတွက် ပြည်သူတစ်ရပ်လုံးအား စည်းရုံးပြီး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပါတီအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးအနေနှင့် ယုံကြည်ချက်၊ ခံယူချက်များ၊ လမ်းစဉ်များ ကွာခြားနိုင်သော်လည်း နိုင်ငံတော်နှင့် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်ကြမည်။

စာမျက်နှာ ၆ မှ

ပါတီဝင်များ အများအပြားရှိနေပါကြောင်း၊ ထိုပုဂ္ဂိုလ်များက သီးခြားပါတီ ထူထောင်ပြီးဖြစ်စေ၊ တစ်သီးပုဂ္ဂလအနေနှင့်ဖြစ်စေ ၂၀၁၀ ရွေးကောက်ပွဲဝင်ကြရန် စီစဉ်ဆောင်ရွက်နေကြသည်ကို တွေ့ရပါကြောင်း၊ NLD မပါဝင်သော်လည်း ၈-၅-၂၀၁၀ ရက်နေ့အထိ ကော်မရှင်တွင် ပါတီတည်ထောင်ခွင့်လျှောက်ထားသည့် ပါတီပေါင်း (၃၆) ပါတီရှိနေပြီဖြစ်ပါကြောင်း၊ ၎င်းပါတီများအနက် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ 'ဝ'၊ မြို (ခေါ်) ခမိ၊ ကယန်း၊ အင်း၊ လားဟူနှင့် ကိုးကန့် စသည့် တိုင်းရင်းသားလူမျိုးပါတီများလည်း ပါဝင်သည်ကို တွေ့နိုင်ပါကြောင်း၊ ဤသည်တို့ကိုကြည့်လျှင် ၂၀၁၀ ရွေးကောက်ပွဲတွင် အားလုံးပါဝင်ခွင့်ရှိပြီး တိုင်းရင်းသားများအပါအဝင် တောင်ပေါ်မြေပြန့် နိုင်ငံအဝန်းမှ နိုင်ငံရေးပါတီများ ဖွဲ့စည်းပါဝင်နေသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ အကြောင်းအရာကိစ္စတစ်ခုနှင့်ပတ်သက်ပြီး ဒီမိုကရေစီသဘောအရ ကြိုက်သူ၊ မကြိုက်သူ၊ ထောက်ခံသူ၊ ကန့်ကွက်သူရှိမည်ဖြစ်ကြောင်း၊ သို့သော် အများစုက ကြိုက်နှစ်သက်ထောက်ခံပါက ဒီမိုကရေစီသဘောအရ ထိုအကြောင်းအရာကိစ္စသည် အတည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မိမိတို့၏ ၂၀၁၀ ရွေးကောက်ပွဲသည် တရားဝင်ပါကြောင်း။

ပြည်သူကအတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲပြီးသည့်အခါ နိုင်ငံတော်တွင် တပ်မတော်တစ်ရပ်တည်းသာ ရှိရမည်ဖြစ်သည့်အတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် လက်နက်စွန့်ကြရမည်ဖြစ်ပါကြောင်း၊ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိရာ အခြေအနေကောင်းမွန် တိုးတက်မှုရှိနေသည်ကို တွေ့ရပါကြောင်း။

ပူးပေါင်းကူညီ

ထို့ကြောင့် ၂၀၁၀ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်တော့မည်ဖြစ်ပြီး လွှတ်တော်များ၊ အစိုးရအဖွဲ့များနှင့် တရားသူကြီးအဖွဲ့များလည်း ဖွဲ့စည်းပေါ်ပေါက်လာတော့မည်ဖြစ်ပါကြောင်း၊ ထိုအဖွဲ့များက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို ''အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုး တိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်'' ဖြစ်ရန် ဆက်လက်တည်ဆောက်သွားကြမည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း လွှတ်တော်အတွင်းတွင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားများ၊ နိုင်ငံရေးသမားများသည် မိမိတို့လိုလားသည့် နိုင်ငံရေးကိစ္စများ၊ တိုင်းရင်းသားအခွင့်အရေးကိစ္စများ၊ အခြေခံဥပဒေပြင်ဆင်ရေး၊ ဒီမိုကရေစီရေး စသည့်ကိစ္စအားလုံးကို ဆွေးနွေးညှိနှိုင်းပြီး ပိုမိုပြည့်စုံသည်ထက်ပြည့်စုံအောင်၊ ပိုမိုကောင်းမွန်သည်ထက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ကြတော့မည်ဖြစ်ပါကြောင်း၊ ထိုလမ်းကြောင်းသည်သာ နိုင်ငံတော်၏ ပကတိအရှိတရားနှင့် ညီညွတ်ပြီး အန္တရာယ်အကင်းဆုံးလမ်းကြောင်း၊ တည်ငြိမ်အေးချမ်းစွာနှင့် ဒီမိုကရေစီဖော်ဆောင်နိုင်မည့်လမ်းကြောင်း၊ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဖော်ဆောင်ပေးနိုင်မည့်လမ်းကြောင်းဖြစ်ပါကြောင်း၊ အဆွေတော်တို့အနေနှင့် မြန်မာနိုင်ငံတွင်ဒီမိုကရေစီ ထွန်းကားရှင်သန်စေလိုသည့်ဆန္ဒ၊ မြန်မာနိုင်ငံကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုသည့်ဆန္ဒများရှိနေသည်ကို မိမိတို့ခံစားနားလည်ပါကြောင်း၊ ထိုအတွက် အဆွေတော်တို့ကို ကျေးဇူးလည်းတင်ပါကြောင်း၊ ထို့ကြောင့်လည်း ဒီမိုကရေစီဖော်ဆောင်ရေး၏အစ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေး၏ အစဖြစ်သည့် ၂၀၁၀ ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစွာ၊ အောင်မြင်စွာ ကျင်းပပြီးစီးအောင် ပူးပေါင်းကူညီဆောင်ရွက်ရန် မေတ္တာရပ်ခံလိုပါကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပြီး နောင်အနာဂတ်တွင် အရှိန်အဟုန်မပျက် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ တစ်ဖက်ကလည်း လွတ်လပ်ပြီးတက်ကြွသည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်နှင့်အညီ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိပါကြောင်း၊ ထို့အတူ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အာဆီယံ၊ ဘင်းမ်စတက် စသည့် ဒေသတွင်းအဖွဲ့အစည်းများတွင်လည်း တက်ကြွစွာ ပူးပေါင်းပါဝင်ပြီး ဒေသတာဝန်၊ နိုင်ငံတကာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါကြောင်း၊ ထို့အတူ **မိမိတို့နိုင်ငံသည် မည်သည့်နိုင်ငံကိုမျှရန်စခြင်း၊ ကျူးကျော်တိုက်ခိုက်ခြင်းမရှိသည့် နိုင်ငံလည်းဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံသည် အကြမ်းဖက်ဝါဒကို ဆန့်ကျင်သည့်နိုင်ငံဖြစ်ပါကြောင်း၊ အကြမ်းဖက်လုပ်ရပ်များတိုက်ဖျက်ရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာအကြမ်းဖက်မှုနှင့်ပတ်သက်သည့် ကုလသမဂ္ဂကွန်ဗင်းရှင်း (၁၃)ခုရှိသည့်အနက် (၁၁)ခုတွင် ပါဝင်လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။**

မျှော်မှန်းတည်ဆောက်

နိဂုံးချုပ်အနေနှင့်ပြောရလျှင် မိမိတို့သည် ကိုယ့်နိုင်ငံကိုယ့်လူမျိုး လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုသာ ရိုးရိုးသားသားကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆွေတော်တို့အနေနှင့် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်များဖြစ်သည့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲအတည်ပြုခြင်း၊ လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းပြီး ရွေးကောက်ပွဲများ ကျင်းပနိုင်ရေး ဆောင်ရွက်ခြင်းများအပေါ် အပြုသဘော ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ မိမိတို့အနေနှင့် မြန်မာ-အမေရိကန် ဆက်ဆံရေးကောင်းမွန်ရန်နှင့် တိုးမြှင့်ရန် အမှန်လိုလားပါကြောင်း၊ အမေရိကန်အစိုးရ၏ တိုက်ရိုက်ထိတွေ့ဆက်ဆံရေးမူဝါဒကိုလည်း ကြိုဆိုပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်ရန်နှင့် တိုးမြှင့်ရန်ဆိုလျှင် အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတည်ဆောက်ရေးအတွက် ယခုကဲ့သို့ ထိတွေ့ဆက်ဆံရေးသည် အရေးကြီးသည်ဟု ယုံကြည်ပါကြောင်း၊ ယခုလို ထိတွေ့ဆက်ဆံ ဆွေးနွေးကြရာတွင် နှစ်ဖက်သဘောမတူနိုင်သည့် အချက်များရှိသကဲ့သို့ နှစ်ဖက်သဘောတူနိုင်သည့် အချက်များလည်း ရှိမှာဖြစ်ပါကြောင်း၊ နှစ်ဖက်သဘောတူမှုများကို ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နားလည်မှုနှင့် ယုံကြည်မှုတိုးပွားပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာနိုင်ပါကြောင်း၊ ထို့အပြင် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးကို ရေတိုမဟုတ်ဘဲ ရေရှည်အတွက်ပါ မျှော်မှန်းတည်ဆောက်သင့်သည်ဟု ယူဆပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် Mr. Kurt Campbell က NLD CEC ဟောင်းများ နိုင်ငံရေးပါတီဖွဲ့ပြီး ရွေးကောက်ပွဲ ပါဝင်လာမှုအခြေအနေနှင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ရှိ/မရှိ သိလိုပါကြောင်း ပြန်လည်ဆွေးနွေးရာ ဝန်ကြီးဦးကျော်ဆန်းက NLD CEC ဦးခင်မောင်ဆွေ၊ ဒေါက်တာသန်းငြိမ်း၊ ဒေါက်တာဝင်းနိုင်၊ ဦးသိန်းညွန့်တို့အပါအဝင် NLD CC -၂၃ဦးတို့က National Democratic Force(NDF) ပါတီဖွဲ့ပြီး ရွေးကောက်ပွဲဝင်ရန် ဆောင်ရွက်နေပါကြောင်း၊ ၈-၅-၂၀၁၀ ရက်နေ့က ကြေညာချက်ထုတ်ပြန်ပြီး ၁၅-၅-၂၀၁၀ တွင် ကော်မရှင်သို့ လျှောက်ထားမည်ဟု သိရပါကြောင်း၊ ထိုကိစ္စကို နိုင်ငံရေးအသိုင်းအဝိုင်း တော်တော်များများက သိကြပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ Mr. Campbell က လာမည့်ရွေးကောက်ပွဲအတွက် လေ့လာစောင့်ကြည့်သူများ ဖိတ်ခေါ်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရာ ဝန်ကြီးက ထိုကိစ္စနှင့်စပ်လျဉ်း၍ ကော်မရှင်ကသာ ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

Mr. Campbell က ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်ရက်ကို သိလိုပါကြောင်း မေးမြန်းရာ ဝန်ကြီးက ရွေးကောက်ပွဲကျင်းပမည့်ရက်ကိုလည်း ကော်မရှင်ကသာ ဆုံးဖြတ်သွားမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ပါတီဖွဲ့စည်းခွင့်လျှောက်ထားချက်များကို စိစစ်ခြင်းနှင့် မြို့နယ်ကော်မရှင် အဆင့်အထိ ဖွဲ့စည်းခြင်းအဆင့်ဆင့်ကို ဆောင်ရွက်နေပါကြောင်း၊ ထိုကိစ္စများပြီးလျှင် ကော်မရှင်က ရွေးကောက်ပွဲရက်ကို ကြေညာမည်ဖြစ်ပါကြောင်း။

ပိုမိုပွင့်လင်း

ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ပြီးမှသာ အခြေခံဥပဒေနှင့်အညီ တာဝန်ယူသည့် ဒီမိုကရေစီ အစိုးရတစ်ရပ် ပြောင်းလဲပေါ်ပေါက်လာမည်ဖြစ်ပြီး အဆိုပါရွေးကောက်ခံအစိုးရနှင့်အတူ အခြေခံဥပဒေသည်လည်း အသက်ဝင်လာမည် ဖြစ်ပါကြောင်း၊ အခြေခံဥပဒေအသက်ဝင်လာသည်နှင့်အမျှ လွတ်လပ်မှု၊ လူ့အခွင့်အရေး၊ နိုင်ငံရေး၊ စီးပွားရေးများသည်လည်း အခြေခံဥပဒေနှင့်အညီ ပိုမိုပွင့်လင်းလာမှာဖြစ်ပါကြောင်း။

ဤသည်မှာ မြန်မာနိုင်ငံအတွက်သာမက အဆွေတော်တို့နိုင်ငံအပါအဝင် ပတ်ဝန်းကျင်နိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများအားလုံးအတွက် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ အခြေအနေမှန်များကို နားလည်ပြီး တည်ငြိမ်အေးချမ်းအောင်မြင်စွာ ရွေးကောက်ပွဲများ ကျင်းပနိုင်အောင် ဝိုင်းဝန်းကူညီကြစေလိုပါကြောင်း။

ရှင်းလင်းဆွေးနွေး

မိမိတို့နှင့် အဆွေတော်တို့ ဆွေးနွေးခဲ့သည်မှာ ၂ ကြိမ်ရှိပြီဖြစ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးနေကြခြင်းဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

၎င်းနောက် Mr. Kurt Campbell က ကျေးဇူးတင်ပါကြောင်းနှင့် ထပ်မံတွေ့ဆုံဆွေးနွေးရန်ကိုလည်း မျှော်လင့်ပါကြောင်း ပြောကြားခဲ့ပြီး ဝန်ကြီးကလည်း နှစ်နိုင်ငံဆက်ဆံရေးတိုးတက်အောင် ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း ပြန်လည်ပြောကြားသည်။

Mr. Kurt Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ယခုတွေ့ဆုံဆွေးနွေးမှုမှ နှစ်ဖက်အမြင်ချင်းဖလှယ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံရန် စီစဉ်ခဲ့သော်လည်း ဝန်ကြီးချုပ်၏ ပြည်တွင်းခရီးစဉ်ကြောင့် အဆင်မပြေခြင်းကို နားလည်ပေးစေလိုကြောင်း ပြောကြားသည်။

မျှော်မှန်းချက်

ထို့နောက် Mr. Campbell က မြန်မာ-အမေရိကန် တိုက်ရိုက်ထိတွေ့ဆက်ဆံရေး လုပ်ငန်းစဉ် စတင်အကောင်အထည်ဖော်ခဲ့သည်မှာ (၈)လခန့်ရှိပြီဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်အပေါ် မြန်မာနိုင်ငံ၏သဘောထားအမြင်နှင့် အမေရိကန်နှင့် ဆွေးနွေးပွဲလုပ်ငန်းစဉ်အပေါ် မြန်မာနိုင်ငံဘက်မှ မည်သို့သော မျှော်မှန်းချက်များ ထားရှိသည်ကို သိရှိလိုပါကြောင်း ဆွေးနွေးမေးမြန်းခဲ့သည်။

ဝန်ကြီးဦးဉာဏ်ဝင်းက မြန်မာနိုင်ငံသည် အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလိုကြောင်း၊ မြန်မာ-အမေရိကန် ဆက်ဆံရေးကောင်းမွန်စေရန် ဆောင်ရွက်ရာတွင် အမေရိကန်နိုင်ငံ၏ သဘောထားအမြင်၊ အယူအဆသည် အရေးကြီးပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် အမေရိကန်နိုင်ငံ၏ စီးပွားရေးပိတ်ဆို့မှု၊ ဗီဇာကန့်သတ်မှုနှင့် ဖိအားပေးမှုများကြောင့်သာ မြန်မာ-အမေရိကန် ဆက်ဆံရေးအားနည်းခဲ့ရခြင်းဖြစ်ပါကြောင်း၊ သို့ပါ၍ ယခုတိုက်ရိုက်ထိတွေ့ ဆက်ဆံရေးမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်လာအောင် လုပ်ဆောင်နိုင်မည်ဟု ထင်ပါကြောင်း ပြောကြားခဲ့သည်။

ပုံမှန်သွားလာဆွေးနွေး

Mr. Campbell က မြန်မာဘက်မှသဘောထား သိရှိရသဖြင့် ကျေးဇူးတင်ပါကြောင်း၊ နယူးယောက်မြို့နှင့် နေပြည်တော်တို့တွင် ပထမအကြိမ်တွေ့ဆုံခဲ့ပြီးနောက် အမေရိကန်နိုင်ငံအနေဖြင့် အပြန်အလှန်ယုံကြည်စိတ်ချရမှု ရစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြောင်း၊ တိုက်ရိုက်ထိတွေ့ဆက်ဆံမှုလုပ်ငန်းစဉ်၏ အခြေခံအချက်မှာ ပုံမှန်သွားလာဆွေးနွေးရပါကြောင်း၊ သို့သော် မြန်မာနိုင်ငံနှင့် တွေ့ဆုံဆွေးနွေးခွင့်ရရန် ညှိနှိုင်းရာတွင် ခက်ခဲမှုနှင့် ကြန့်ကြာမှုရှိပါကြောင်း ပြောကြားသည်။

ဝန်ကြီးဦးဉာဏ်ဝင်းက ထိုကိစ္စနှင့်ပတ်သက်၍ ပွင့်လင်းစွာပြောကြားလိုကြောင်း၊ အချို့သော Delegates များအနေဖြင့် မိမိတို့နှင့် တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ဆောင်ရွက်မှုများအပေါ် ပြစ်တင်ရှုတ်ချမှု၊ ဝေဖန်ပုတ်ခတ်ပြောဆိုမှုများသာ ပြုလုပ်တတ်ကြကြောင်း၊ ထိုကဲ့သို့ ထပ်တလဲလဲ ပြောလာသောဧည့်သည်ကို လက်ခံရန်ဝန်လေးသည်မှာ သဘာဝပင်ဖြစ်ကြောင်း၊ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အပြုသဘောအမြင်ဖြင့် တွေ့ဆုံမည်ဆိုပါက အခက်အခဲမရှိနိုင်ပါကြောင်း ပြန်လည်ရှင်းလင်း ပြောကြားသည်။

ပိုမိုကောင်းမွန်

Mr. Campbell မှ အမေရိကန်နိုင်ငံအနေဖြင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရေး လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း၊ စိတ်ဝင်စားပါကြောင်း၊ ဆွေးနွေးရာတွင် သံအမတ်ချင်း၊ ညွှန်ကြားရေးမှူးချုပ်ချင်း စသည်ဖြင့် Agenda ရေးဆွဲဆောင်ရွက်ပါက ပိုမိုကောင်းမွန်မည်ဟု ယူဆကြောင်း ပြောကြားသည်။

ဝန်ကြီးဦးဉာဏ်ဝင်းက ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်ပတ်သက်ပြီး ဝန်ကြီးဌာနများနှင့် ညှိနှိုင်းကာ အကြောင်းအရာတစ်ခုချင်းအလိုက် ဆွေးနွေးအဖြေရှာလိုမှုကို သံရုံးကတစ်ဆင့် ပြန်ကြားပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အမြင်မတူ

Mr. Kurt Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဧည့်ခန်းမ၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဦးသောင်းက (၁၄)နှစ်တာကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေး ပြတ်တောက်ခဲ့သဖြင့် အဆွေတော်တို့နိုင်ငံအနေဖြင့် သတင်းမှန်များ မရရှိနိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံအကြား ဆက်သွယ်ဆောင်ရွက်မှု ပြန်လည်ပြုလုပ်သော (၆)လ၊ (၇)လ ကာလအတွင်းတွင် နှစ်နိုင်ငံအကြား ကောင်းမွန်သော ဆက်ဆံရေးရရန် လက်တွဲကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ အဆွေတော် ရောက်မည့်ရက်နှင့် အချိန်ကိုက်၍ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ရေးတစ်နှစ်သက်တမ်းထပ်တိုးရန် ဆီးနိတ်၌ ဆွေးနွေးပြင်ဆင်နေသည်ကို သိရပါကြောင်း၊ ဤဖြစ်စဉ်ကိုကြည့်ခြင်းအားဖြင့် အမေရိကန်နိုင်ငံ၏ ဆီးနိတ်မှဆောင်ရွက်မှုသည် အပြုသဘောမဆောင်ပါကြောင်း၊ ဤကဲ့သို့ ဆွေးနွေးဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းသည် အဆွေတော်တို့ အစိုးရနှင့် အထက်လွှတ်တော်အကြား သဘောထားအမြင်မတူညီမှုကို ပြသခြင်းဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁သို့

ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်၏ အဓိကအဆင့်ဖြစ်သည့် ရွေးကောက်ပွဲကျင်းပတော့မည်ဖြစ် စည်းကမ်းတကျ ပြည်သူ့ကိုယ်စားလှယ်လောင်းများကို မှန်မှန်ကန်ကန် ရွေးချယ်မဲပေးကြရန် အရေးကြီး

မုန်တိုင်းသင့်ဒေသများ၏တိုးတက်မှုကို ကျေနပ်နှစ်သိမ့်မနေဘဲ ရေရှည်ပို၍ပို၍ ခိုင်မြဲတိုးတက်အောင် ကြိုးပမ်း စိုက်ပျိုးရေး၊ ဆားနှင့် ငါးပုစွန်ထုတ်လုပ်ရေး အရှိန်အဟုန်ရှိရှိ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် အားထုတ်လုပ်ကိုင်

တွေ့ဆုံ မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပုသိမ်မြို့ မြဇရာခန်းမ၌ ဧရာဝတီတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ မှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မေ ၁၀ရက် မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ပုသိမ်မြို့ မြဇရာခန်းမ၌ ဧရာဝတီတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန် ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက ဧရာဝတီတိုင်း၏ ဖြစ်ပေါ်တိုးတက်မှုကို ရှင်းလင်းတင်ပြရာ၌ ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ကို ဧရာဝတီတိုင်းအတွင်းရှိ ငပုတော၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ် ခုနစ်မြို့နယ်တွင် အပြင်းထန်ဆုံး ထိခိုက်ခဲ့၍ လူဦးရေ ၂ ဒသမ ၅သန်း လေဘေးသင့်ခံရပြီး လူ ၁ ဒသမ ၃သိန်းကျော် သေကျေပျောက်ဆုံးခဲ့ရကြောင်း၊ ကျွဲ၊ နွား ၁ ဒသမ ၇သိန်းကျော် သေဆုံးပြီး လူနေအိမ်၊ လယ်မြေနှင့်လှေ၊ သင်္ဘောများစွာ ပျက်စီးခဲ့ရသည့်အပြင် စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ဌာနဆိုင်ရာ အဆောက်အအုံနှင့် သာသနိကအဆောက်အအုံများလည်း ထိခိုက်ပျက်စီးခဲ့ရပါကြောင်း။

မြန်ဆန်သွက်လက်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီသည် နိုင်ငံတော်အကြီးအကဲ၏ အဓိက လမ်းညွှန်ချက်ဖြစ်သည့် အသက်မသေ ကျန်ရစ်သူများ ထပ်မံသေကျေမှု မရှိစေရေးအတွက် ရှာဖွေကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ကုသစောင့်ရှောက်ရေးကို အထူးဦးစားပေး လုပ်ဆောင်ရန်ဆိုသည့်အချက်ကို ခံယူပြီး ကယ်ဆယ်ရေး လုပ်ငန်းများကို တုံ့ဆိုင်းမှုမရှိ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ခဲ့သည့်အပြင် လေဘေးသင့်မြို့နယ် ခုနစ်မြို့နယ်သို့ ဗဟိုကော်မတီဝင် ဝန်ကြီးများကို မြို့နယ်အလိုက် ခွဲဝေ၍ တာဝန်ယူစေခဲ့ပါကြောင်း။

ဗဟိုကော်မတီဝင် ဝန်ကြီးများသည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အစိုးရဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၏ ပေါင်းစည်းအင်အားဖြင့် ပြန်လည်နေရာချထားရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပံ့ပိုးပေးနိုင်

ထို့အတူ စီးပွားရေးပြန်လည်ထူထောင်ပေးမှုအနေဖြင့် မိမိတိုင်း၏ အဓိက အသက်မွေးမှုလုပ်ငန်းများဖြစ်သည့် လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားထုတ်လုပ်မှုလုပ်ငန်းများကို ထူထောင်ပေးခဲ့ရာတွင် စိုက်ပျိုးရေးကဏ္ဍ အတွက် ရေငန်တားတမံများ ပြုပြင်ပေးခြင်း၊ လယ်ထွန်စက် ၉၆၀၀ကျော်၊ ကျွဲ၊ နွားကောင်ရေ ၆၀၀၀ခန့်၊ မျိုးစပါး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ဆေးဖျန်းကိရိယာနှင့် စက်သုံးဆီများ ပံ့ပိုးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ရေလုပ်ငန်းကဏ္ဍအတွက် စက်လှေစီးရေ ၉၅၀၀ကျော် တန်ဖိုးကျပ် သုံးဘီလီယံကျော်နှင့် ငါးဖမ်းပိုက်မျိုးစုံ တန်ဖိုးကျပ် ၂ ဒသမ ၄ဘီလီယံကျော် ထောက်ပံ့နိုင်ခဲ့ပါကြောင်း၊ ဆားလုပ်ငန်းပြန်လည်ထူထောင်နိုင်ရန် စက်ကိရိယာ၊ စက်သုံးဆီနှင့် ချေးငွေကျပ် ၇ ဒသမ ၃၉ ဘီလီယံကျော်ကို ပံ့ပိုးပေးနိုင်ခဲ့ပါကြောင်း။

လေဘေးသင့် ဒေသများ၌ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးအတွက်သာမက အရေးကြုံပါက ရေလွတ်မြေမြင့် အဖြစ် အသုံးပြုနိုင်ရန် လမ်းကွန်ရက်ကြီး (၁၀)ခုကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းလမ်းကွန်ရက်များနှင့် အတူ တံတားများနှင့် ရေလွတ်သက်ကယ်ကုန်းမြင့်များကိုပါ တည်ဆောက်ပေးလျက်ရှိပါကြောင်း။

ထပ်မံ၍ ကြီးမားသည့်လေဘေးနှင့် ဒီလှိုင်းအန္တရာယ်ကြုံတွေ့ရပါက ပြည်သူလူထု ခိုကိုးနိုင်ရန် Cyclone Shelter ကြီးများကိုလည်း လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်အတွင်း တည်ဆောက်ပေးလျက်ရှိပါကြောင်း။

တိုးချဲ့ဖွင့်လှစ်

လေဘေးကြောင့် ပျက်စီးသွားရသော အိမ်ရာများအတွက် ကျေးလက်အိမ်ရာ စုစုပေါင်း လုံးရေ ၉၀၀၀ခန့်ကို တည်ဆောက်ပေးခဲ့ရာ လေဘေးသင့် ပြည်သူတို့၏ လူနေမှုအခြေအနေမှာ မူလကထက် အဆင့်မြင့်မားလာခဲ့ပါကြောင်း၊ ပျက်စီးခဲ့ရသော အခြေခံစာသင်ကျောင်းများကို ပြန်လည်တည်ဆောက်ပေးခဲ့ပြီး ကျောင်းများ အသစ်ဖွင့်လှစ်ခြင်း၊ ကျောင်းခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အရေးပေါ် ဆေးခန်းများဖွင့်လှစ်ခြင်း၊ ရွေ့လျားဆေးရုံသင်္ဘောများဖြင့် လှည့်လည်ကုသခြင်း၊ ရောဂါကာကွယ်နှိမ်နင်းခြင်းများ ပြုလုပ်နိုင်ခဲ့၍ ကပ်ရောဂါဘယမျိုး ကူးစက်ပျံ့နှံ့မှု လုံးဝမရှိအောင် ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း။

ဆက်လက်တိုးတက်

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားစွာ ဘက်စုံထောင့်စုံမှ ဖြည့်ဆည်းပံ့ပိုး လမ်းညွှန်ပေးခဲ့မှုကြောင့် လေမုန်တိုင်းဒဏ်ခံရသော်လည်း မိမိတို့ တိုင်းနယ်မြေ၏ စီးပွားရေးမှာ ဆက်လက်တိုးတက်လျက်ရှိပါကြောင်း။

ယခုနှစ်နွေရာသီတွင် အပူချိန်မြင့်တက်ပြီး မိုးရွာသွန်းမှုမရှိခြင်းတို့ကြောင့် ပြင်စလူ၊ ဟိုင်းကြီး၊ ဘိုကလေးနှင့် ဒေးဒရဲမြို့နယ်များရှိ ကျေးရွာအချို့၌ သောက်သုံးရေမလုံလောက်မှု ဖြစ်ပေါ်လျက်ရှိရာ သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နာဂစ်မုန်တိုင်းဒဏ်ခံရပြီးနောက် သောက်သုံးရေရရှိရေး စီမံဆောင်ရွက်ခဲ့ရာ မူလအခြေအနေထက် ရေတွင်း ၄၁၀၊ ရေကန် ၉၉၆ကန်၊ အဝီစိတွင်း ၄၈၉တွင်း တိုးချဲ့တူးဖော်နိုင်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

အခြေအနေသစ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ပြန်လည်ရှင်းလင်းမှာကြားရာတွင် ၂၀၀၈ခုနှစ် နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်း၌ ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများ ပြင်းထန်စွာ ဖြစ်ပေါ်ခဲ့ရကြောင်း၊ သို့ရာတွင် မိမိတို့တိုင်းရင်းသားများ၏ တစ်ဦးအပေါ်တစ်ဦး စာနာထောက်ထား ညှာတာတတ်မှု၊ သဒ္ဓါတရားကြီးမားမှု စသည့် ကောင်းမြတ်သော ယဉ်ကျေးမှုအစဉ်အလာကောင်းများ၊ အမျိုးကို မြတ်နိုးစောင့်ရှောက်တတ်သော ဝံသာနုရက္ခိတ တရားများဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ဦးထမ်းပဲ့ထမ်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် မုန်တိုင်းသင့်ဒေသများမှာ ယနေ့ မြင်တွေ့ရသည့်အတိုင်း အခြေအနေသစ်သို့ အချိန်တို အတွင်း တိုးတက်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း။

မုန်တိုင်းသင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စိတ်ရောကိုယ်ပါ ပူးပေါင်း ဆောင်ရွက်ခဲ့ကြသော မိမိတို့ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီ ထောက်ပံ့ခဲ့ကြသော မိတ်ဆွေနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား ကျေးဇူးတင်ရှိပါကြောင်း။

ဆက်လက်ကြိုးပမ်း

မိမိတို့အနေဖြင့် မုန်တိုင်းသင့်ဒေသများ၏
အခြေအနေကို ကျေနပ်နှစ်သိမ့်နေ၍မဖြစ်ဘဲ ရေရှ
တိုးတက်သွားအောင် ဆက်လက်ကြိုးပမ်း သယ်
ကြောင်း၊ လတ်တလောလိုအပ်ချက်အရ ဈေးနှုန်းသ
ပေးထားသော ကျေးလက်အိမ်ရာများကို ပိုမိုသေ
ပြုပြင်မွမ်းမံ တည်ဆောက်သွားကြရမှာဖြစ်ကြေ
ထို့အပြင် ကျေးရွာအလိုက် ကျန်းမာရေးနှင့် ဥ
ဖူလုံစွာရရှိရေးအတွက် နည်းလမ်းမျိုးစုံ ရှာကြံဆောင
ဒေသတွင်း၌ ဖြစ်ထွန်းအားကောင်းသော စိုက်ပျ
ငါးပုစွန်ထုတ်လုပ်ရေးတို့ကို အရှိန်အဟုန်ရှိရှိ ပိုမိ
အားထုတ်လုပ်ကိုင်သွားကြရန်လည်း လိုကြောင်း၊
ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုး
အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း၊ ဒေသခံတစ်
အတန်းသည်လည်း မြင့်မားလာမှာဖြစ်ကြောင်း။

အားထုတ်ကြိုးပမ်း

ယခုအခါ ကမ္ဘာ့ရာသီဥတု အခြေအနေ
ပြောင်းလဲဖြစ်ပေါ်လျက်ရှိကြောင်း၊ ကမ္ဘာတစ်ဝန်း မို
မှု၊ ရေရှားပါးမှု၊ ပူနွေးမှု၊ အအေးလွန်ကဲမှု၊
တိုက်ခတ်မှု စသည့် သဘာဝဘေးများသည် မကြာခ
မိမိတို့အနေဖြင့်လည်း နာဂစ်မုန်တိုင်းကဲ့သို့ပင် အ
သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိ
ပြင်ဆင်ထားကြရန်လည်း လိုအပ်ကြောင်း၊ မည်
ကြုံတွေ့စေကာမူ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်
စွမ်းအား၊ အားထုတ်ကြိုးပမ်းမှုစွမ်းအားတို့ဖြင့် ကျေ
ယခု ၂၀၁၀ခုနှစ်အတွင်း၌ ဒီမိုကရေစီ အသွ
၏ အဓိကအရေးကြီးသော အဆင့်ဖြစ်သည့် ရွေးကေ
ဖြစ်ရာ မိမိတို့အားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းက
လှယ်လောင်းများကို မှန်မှန်ကန်ကန် ရွေးချယ်မဲပေးသ
ဖြင့် မှာကြားပြီး တက်ရောက်လာသူများအား ရင်း

ဦးဆောင်ကွင်းဆင်း

တွေ့ဆုံဆွေးနွေးပွဲ ဒုတိယပိုင်းအစီအစဉ်ကို
နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ရှင်းလင်းမှ
အတွင်းရှိ မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထော
လမ်းတံတားများ၊ Cyclone Shelter များနှင့် Hi
ပြီးစီးမှု အခြေအနေ၊ ဆေးရုံ၊ ဆေးခန်းနှင့် စာသင်
အသစ်တည်ဆောက်ပြီးစီးမှုနှင့် ဒေသ၏ ဖွံ့ဖြိုးတို
ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို ညှိနှိုင်း
ရန်တို့အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်ကွင်းဆင်းလာခြင်း ဖြ
တစ်ချိန်တစ်ခါက ဧရာဝတီတိုင်းသည် လ
များဖြင့် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ခဲ့သော နယ်
အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရရှိအောင် မိ
ဆောင်ရွက်ခဲ့ရကြောင်း၊ ဤတည်ငြိမ်အေးချမ်းမှု၊
စိုးမိုးမှုကို သားစဉ်မြေးဆက်အထိ ခိုင်မြဲနေအောင်၊
မိမိတို့ စဉ်ဆက်မပြတ် ကြိုးပမ်းထိန်းသိမ်းကြရမှ

ခိုင်ခိုင်မာမာ

ယခုအခါ ဧရာဝတီတိုင်းသည် တည်ငြိမ်အေး
တိုင်းနယ်မြေဖြစ်နေသည်သာမက နိုင်ငံတော်၏
ကားလမ်းများ၊ မြစ်ကူး ချောင်းကူးတံတားကြီးမျာ
လွယ်ကူချောမွေ့လျက်ရှိသည့်အပြင် မကြာမီကာလ
လည်း အစီအရီပေါ်ထွက်လာတော့မှာ ဖြစ်ကြောင်း၊
ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဧရာဝတီတိုင်းအတွ
ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ စီးပွားရေး၊ ပညာ
ဆက်သွယ်ရေး စသည့်ကဏ္ဍများ ဆက်စပ်ဖွံ့ဖြိုးလ
နိုင်ငံတော်၏ အဓိကအားထားရသော တိုင်းကြီးအဖြ
ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း၊ ဌာနဆိုင်ရာ တာဝ
များ၊ လုပ်ငန်းရှင်များ၊ ပညာတတ်များနှင့် နိုင်ငံ့ဝန်ထ
အနာဂတ် ဖွံ့ဖြိုးခိုင်မာရေးအတွက် ဝိုင်းဝန်းကြိုးပမ်း
မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ညနေပိုင်းတွ

ဆက်လက်ကြိုးပမ်း

မိမိတို့အနေဖြင့် မုန်တိုင်းသင့်ဒေသများ၏ လတ်တလောတိုးတက်မှု အခြေအနေကို ကျေနပ်နှစ်သိမ့်နေ၍မဖြစ်ဘဲ ရေရှည်၌ ပို၍ပို၍ ခိုင်ခိုင်မြဲမြဲ တိုးတက်သွားအောင် ဆက်လက်ကြိုးပမ်း သယ်ပိုးဆောင်ရွက်သွားကြရန်လို ကြောင်း၊ လတ်တလောလိုအပ်ချက်အရ ဈေးနှုန်းသက်သာစွာဖြင့် တည်ဆောက် ပေးထားသော ကျေးလက်အိမ်ရာများကို ပိုမိုသေသပ်ခိုင်ခံ့အောင် ဆက်လက် ပြုပြင်မွမ်းမံ တည်ဆောက်သွားကြရမှာဖြစ်ကြောင်း။

ထို့အပြင် ကျေးရွာအလိုက် ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် နည်းလမ်းမျိုးစုံ ရှာကြံဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်း၌ ဖြစ်ထွန်းအားကောင်းသော စိုက်ပျိုးရေး၊ ဆားထုတ်လုပ်ရေး၊ ငါးပုစွန်ထုတ်လုပ်ရေးတို့ကို အရှိန်အဟုန်ရှိရှိ ပိုမိုတိုးတက် ဖွံ့ဖြိုးလာအောင် အားထုတ်လုပ်ကိုင်သွားကြရန်လည်း လိုကြောင်း၊ သို့မှသာ မိမိတိုင်း၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအထိ ထိရောက်စွာ အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း၊ ဒေသခံတစ်ဦးချင်း၏ လူနေမှု အဆင့် အတန်းသည်လည်း မြင့်မားလာမှာဖြစ်ကြောင်း။

အားထုတ်ကြိုးပမ်း

ယခုအခါ ကမ္ဘာ့ရာသီဥတု အခြေအနေသည် ပိုမိုပူနွေးလာမှုဖြင့် ပြောင်းလဲဖြစ်ပေါ်လျက်ရှိကြောင်း၊ ကမ္ဘာတစ်ဝန်း မိုးကြီးမှု၊ ရေကြီးမှု၊ မိုးခေါင်မှု၊ ရေရှားပါးမှု၊ ပူနွေးမှု၊ အအေးလွန်ကဲမှု၊ ငလျင်တုန်လှုပ်မှု၊ မုန်တိုင်းတိုက်ခတ်မှု စသည့် သဘာဝဘေးများသည် မကြာခဏဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း နာဂစ်မုန်တိုင်းကဲ့သို့ပင် အလားတူဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုတင်တွက်ဆ ပြင်ဆင်ထားကြရန်လည်း လိုအပ်ကြောင်း၊ မည်သို့သော ဘေးအန္တရာယ်ပင် ကြုံတွေ့စေကာမူ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ညီညွတ်မှုစွမ်းအား၊ အားထုတ်ကြိုးပမ်းမှုစွမ်းအားတို့ဖြင့် ကျော်လွှားနိုင်မှာ ဖြစ်ကြောင်း။

ယခု ၂၀၁၀ခုနှစ်အတွင်း၌ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်၏ အဓိကအရေးကြီးသော အဆင့်ဖြစ်သည့် ရွေးကောက်ပွဲကို ကျင်းပတော့မည် ဖြစ်ရာ မိမိတို့အားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းကမ်းတကျ ပြည်သူ့ကိုယ်စား လှယ်လောင်းများကို မှန်မှန်ကန်ကန် ရွေးချယ်မဲပေးသွားကြရန် အရေးကြီးကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဦးဆောင်ကွင်းဆင်း

တွေ့ဆုံဆွေးနွေးပွဲ ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ရှင်းလင်းမှာကြားရာ၌ ဧရာဝတီတိုင်း အတွင်းရှိ မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့် လမ်းတံတားများ၊ Cyclone Shelter များနှင့် Hillock များ တည်ဆောက် ပြီးစီးမှု အခြေအနေ၊ ဆေးရုံ၊ ဆေးခန်းနှင့် စာသင်ကျောင်းများ ပြုပြင်မွမ်းမံမှု၊ အသစ်တည်ဆောက်ပြီးစီးမှုနှင့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေး ရန်တို့အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်ကွင်းဆင်းလာခြင်း ဖြစ်ကြောင်း။

တစ်ချိန်တစ်ခါက ဧရာဝတီတိုင်းသည် လက်နက်ကိုင် သောင်းကျန်းမှုများဖြင့် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ခဲ့သော နယ်မြေဖြစ်ခဲ့ကြောင်း၊ တည်ငြိမ် အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရရှိအောင် မိမိတို့ များစွာရင်းနှီးကြိုးပမ်း ဆောင်ရွက်ခဲ့ရကြောင်း၊ ဤတည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေ စိုးမိုးမှုကို သားစဉ်မြေးဆက်အထိ ခိုင်မြဲနေအောင်၊ ဆက်လက် ခံစားနိုင်အောင် မိမိတို့ စဉ်ဆက်မပြတ် ကြိုးပမ်းထိန်းသိမ်းကြရမှာ ဖြစ်ကြောင်း။

ခိုင်ခိုင်မာမာ

ယခုအခါ ဧရာဝတီတိုင်းသည် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုခိုင်ခံ့နေသည့် တိုင်းနယ်မြေဖြစ်နေသည်သာမက နိုင်ငံတော်၏ စီမံဆောင်ရွက်ပေးမှုဖြင့် ကားလမ်းများ၊ မြစ်ကူး ချောင်းကူးတံတားကြီးများဖြင့် သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့လျက်ရှိသည့်အပြင် မကြာမီကာလ၌ ရထားလမ်းသစ်များသည် လည်း အစီအရီပေါ်ထွက်လာတော့မှာ ဖြစ်ကြောင်း၊ ပညာတတ်လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဧရာဝတီတိုင်းအတွင်း၌ အပြည့်အစုံ ထူထောင် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည့်ကဏ္ဍများ ဆက်စပ်ဖွံ့ဖြိုးလာပါက ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ အဓိကအားထားရသော တိုင်းကြီးအဖြစ် ခိုင်ခိုင်မာမာ ဆက်လက် ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူ များ၊ လုပ်ငန်းရှင်များ၊ ပညာတတ်များနှင့် နိုင်ငံ့ဝန်ထမ်းအားလုံးက နိုင်ငံတော်၏ အနာဂတ် ဖွံ့ဖြိုးခိုင်မာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် တာဝန်ရှိကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

❐ *ကျောဖုံးမှ*

ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့်အဖွဲ့ဝင်များအား သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆို ကြသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် အုတ်တွင်း ကျေးရွာအုပ်စု၊ ကုန်းသာယာကျေးရွာ၊ ဘုန်းစိုးကြီးကျေးရွာနှင့်ကျောက်ကလပ် ကျေးရွာတို့အား ပြန်လည်တည်ဆောက် ပေးထားမှုနှင့် ဖွံ့ဖြိုးစည်ပင်လာမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု ရာ ဒေသခံပြည်သူများက လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကုန်းသာယာကျေးရွာ ရှင်းလင်းဆောင်၌ ဝန်ကြီး ဦးအုန်းမြင့်က ကုန်းသာယာကျေးရွာ၊ အောက်ပွန်ဝ ကျေးရွာ၊ ကွင်းကြီးကျေးရွာတို့အား ပြန်လည်ထူထောင် တည်ဆောက် ပြီးစီးသော ကျေးလက်အိမ်ရာများ တည်ဆောက်ပေးခဲ့မှုနှင့် အရိပ်ရပင် များ၊ လေကာပင်များ စိုက်ပျိုး၍ ပြန်လည်စိမ်းလန်းစိုပြည်လာမှု အခြေ အနေ၊ စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ ဆားလုပ်ငန်းနှင့် ရေ လုပ်ငန်းများ ပြန်လည်အသားကျ လုပ်ကိုင်နိုင်ပြီး ပြန်လည်ဖွံ့ဖြိုးလာမှု အခြေအနေ၊ ဒေသတွင်း၌ အခြေခံ ပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေး ထားမှု၊ ကျောင်းများ အဆင့်မြှင့်တင် ခဲ့မှု၊ ချောင်းဝ၊ ပြင်ခရိုင်၊ သက္ကယ်သောင်နှင့် သဃ်န်းကုန်းကျေးရွာများ၌ Cyclone Shelter များ တည်ဆောက် ပြီးစီးမှု၊ လပွတ္တာ-သုံးခွ-အုတ်တွင်း- ထိပ်စွန်းလမ်းရှိ အုတ်တွင်း-ထိပ်စွန်း လမ်းပိုင်း၌ လမ်း တံတားများ ဆောက် လုပ်ပြီးစီးမှု၊ ဒေသတွင်း သောက်သုံး ရေဖူလုံရန် ဆောင်ရွက်ထားရှိမှုအခြေ အနေများ၊ သာသနိက အဆောက် အအုံများ ပြန်လည်ပြုပြင်တည်ဆောက် ပြီးစီးမှုနှင့် ကျန်းမာရေးစောင့်ရှောက် မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ရှင်းလင်း တင်ပြ သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လပွတ္တာမြို့နယ် ပြင်ခရိုင်ကျေးရွာ၌ ဆရာ ဆရာမများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

Cyclone Shelter

လပွတ္တာမြို့နယ် ပြင်ခရိုင် ကျေးရွာရှိ Cyclone Shelter ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြင်ခရိုင်ကျေးရွာ

လပွတ္တာမြို့နယ် ပြင်ခရိုင် ကျေးရွာကို ဝေဟင်မှ တွေ့ရစဉ်။

(သတင်းစဉ်)

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးက ပညာရေး နှင့် လမ်းပန်းဆက်သွယ်ရေး လိုအပ် ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး သဘာဝ ဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး၊ ဒေသတွင်း ကုန်ထုတ် လုပ်မှု တိုးတက်ပြီး စီးပွားဖွံ့ဖြိုးရေး တို့အတွက် လိုအပ်သည်များကို ရှင်းလင်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ရှင်းလင်းဆောင် ရှုရပ်မှနေ၍ ပတ်ဝန်းကျင်အခြေအနေ ကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ သည် လပွတ္တာမြို့နယ် ပြင်ခရိုင်ကျေးရွာ သို့ရောက်ရှိကြပြီး မော်တော်ယာဉ်များ ဖြင့် ချောင်းဝကျေးရွာရှိ Cyclone Shelter အဆောက်အအုံသို့ ရောက်ရှိ ကြရာ ကျေးရွာရှိ အစိုးရနည်းပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမ များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြ သည်။

ထို့နောက် Cyclone Shelter အဆောက်အအုံ၌ အစိုးရနည်းပညာ အထက်တန်းကျောင်း ဖွင့်လှစ်သင်ကြား ပေးနေမှု၊ ရွှေသံလွင်ကုမ္ပဏီလီမိတက် က ကျောင်းသုံးပရိဘောဂများ လှူဒါန်း ထားမှုနှင့် သောက်သုံးရေ စုဆောင်း သိုလှောင်မှုအခြေအနေကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြင်ခရိုင်ကျေးရွာရှိ Cyclone Shelter သို့ရောက်ရှိရာ ဝန်ကြီး ဦးအုန်းမြင့်က Cyclone Shelter ၌ ပြင်ခရိုင် အခြေခံပညာ အထက်တန်းကျောင်း ဖွင့်လှစ်ဆောင်ရွက် မည့် အခြေအနေကိုလည်းကောင်း၊ ရွှေသံလွင် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက သောက်သုံးရေ ဖူလုံစွာရရှိရေး ဆောင်ရွက်ပေးထားမှုနှင့် ကျောင်းသုံး ပရိဘောဂများ ဖြည့်ဆည်းလှူဒါန်း ထားမှု အခြေအနေများကိုလည်း ကောင်း ရှင်းလင်းတင်ပြကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး သည် ဆရာ ဆရာမများ၊ တာဝန်ရှိသူ များအား ကျေးရွာ၏ ပညာရေးဆိုင်ရာ အခြေအနေများကို ဆွေးနွေးမေးမြန်း ပြီး ဒေသခံပြည်သူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် Cyclone Shelter အဆောက်အအုံအတွင်း စာသင်ကျောင်း ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားမှုကို လှည့်လည်ကြည့်ရှုပြီး ရဟတ်ယာဉ် များဖြင့် ဆက်လက်ထွက်ခွာလာခဲ့ရာ ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ဟိုင်းကြီး ကျွန်းတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမြင့်သန်း နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် ဧည့်ရိပ်သာခန်းမ၌ ဗိုလ်မှူးချုပ်မျိုးမြင့်သန်းက ဟိုင်းကြီး ကျွန်းမြို့ လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှု၊ ဆေးရုံ၊ စာသင်ကျောင်းနှင့် သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရာတွင် တိုင်းရင်းသား ကုမ္ပဏီများ ပါဝင်ဆောင်ရွက်ခဲ့မှု၊ မြို့တွင်းလမ်းများ၊ ကျေးရွာချင်းဆက် လမ်းများနှင့် တံတားများ၊ စာသင် ကျောင်းများနှင့် ဆေးရုံ၊ ဆေးခန်းများ ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးမှု၊ သောက်သုံးရေ ဖူလုံရေးအတွက် ဆောင်ရွက်ပေးခဲ့မှု၊ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်အောင် ပံ့ပိုး ဖြည့်ဆည်းပေးခဲ့မှုနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေ အနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးက ဒေသတွင်း ၌ သရက်၊ ပိန္နဲ၊ အုန်းပင်၊ ထန်းပင် စသည့် နှစ်ရှည်စားပင်များ စိုက်ပျိုး ရေး၊ ဖြစ်ထွန်းနိုင်သည့် ရာသီစားပင် များ တိုးချဲ့စိုက်ပျိုးရေး၊ ရေချိုစုဆောင်း သိုလှောင်ရေး၊ လမ်းများ တိုးတက် ကောင်းမွန်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဟိုင်းကြီး ကျွန်းမြို့ ပြန်လည်ဖွံ့ဖြိုး စည်ပင်လာမှု ကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လပွတ္တာမြို့နယ် ချောင်းဝကျေးရွာ **Cyclone Shelter** တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မဟာမကုဋ္ဌရုံသီဆံတော်ရှင်မြတ် မော်တင်စွန်းစေတီတော်သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာတိုင်များ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုပြီး အလှူငွေများကို လှူဒါန်းသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင်ပါဝင်သည့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်း လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ဧရာဝတီတိုင်းမှ ပြန်လည်ထွက်ခွာခဲ့သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၇ မှ

ထို့နောက် Mr. Campbell က မြန်မာနိုင်ငံနှင့် မြောက်ကိုရီးယားဆက်ဆံရေးနှင့် ပတ်သက်၍ နိုင်ငံများမှ လွန်စွာစိုးရိမ်ပူပန်ကြပါကြောင်း ပြောကြားရာ ဝန်ကြီးဦးသောင်းက မိမိတို့အစိုးရအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် (၁၇၁၈)နှင့် (၁၈၇၄)တို့အား အပြည့်အဝ လိုက်နာမည်ဖြစ်ကြောင်းကို လူသိရှင်ကြားပြောကြားပြီး ဖြစ်ကြောင်း၊ သို့ရာတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်ရှိသည်ကို သတိပြုရမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

တက်ရောက်လေ့ရှိ

ယင်းနောက် Mr. Campbell က ရွေးကောက်ပွဲပြီးဆုံး၍ နောင်တက်လာမည့် အစိုးရသစ်နှင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စအား သိရှိလိုပါကြောင်း၊ ယခုနှစ် ဇူလိုင်လတွင် ဗီယက်နမ်နိုင်ငံ၌ အာဆီယံဒေသဆိုင်ရာ ဖိုရမ်ပြုလုပ်ရန်ရှိပါကြောင်း၊ အမေရိကန်ကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီး ကလင်တန်နှင့် အထက်လွှတ်တော်အမတ် Mr. Jim Webb တို့ တက်ရောက်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ဖိုရမ်၌ ဆွေးနွေးမှုများ ပြုလုပ်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားရာ ဝန်ကြီးက နောင်တက်လာမည့် အစိုးရသည် ဒီမိုကရေစီအစိုးရဖြစ်သည့်အတွက် လွယ်ကူစွာဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသဆိုင်ရာဖိုရမ်သို့ နိုင်ငံခြားရေးဝန်ကြီး တက်ရောက်လေ့ရှိပါကြောင်း၊ အထက်အဖွဲ့အစည်းများထံ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအစိုးရအကြား မတူညီသော စနစ်များရှိသည့်အတွက် စိတ်ရှည်စွာ အချိန်ယူ၍ ပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

Mr. Kurt Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၂၂)ညှော်ခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများကို အကျဉ်းချုပ် ရှင်းလင်းတင်ပြပြီးနောက် ဆက်လက်ပြောကြားရာတွင် **တိုင်းရင်းသားလူမျိုးအများစုက ပါတီတည်ထောင်ခွင့် လျှောက်ထားခဲ့ကြသည်ကို တွေ့ရကြောင်း၊ ပါတီဟောင်းများအနေဖြင့်လည်း ယခင်ပါတီဟောင်းများမှ ခွဲထွက်၍ ပါတီအသစ်အမည်ဖြင့် လာရောက်လျှောက်ထားကြသည်ကို တွေ့ရကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီ တည်ထောင်လိုသူများအတွက် လျော်ကန်သင့်မြတ်သည့် အချိန်လုံလောက်စွာရရှိစေရန် ထည့်သွင်းစဉ်းစား ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေပါကြောင်း ပြောကြားသည်။**

ကြေညာသွားမည်

ထို့နောက် Mr. Campbell နဲ့အတူ လိုက်ပါလာသည့် အမေရိကန်သံရုံး ယာယီတာဝန်ခံ Mr. Larry M. Dinger က မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို သိလိုပါကြောင်း မေးမြန်းရာ ဥက္ကဋ္ဌဦးသိန်းစိုးက ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်အတွင်း ကျင်းပမည်ဟု ကြေညာထားပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများ ပြီးစီးပါက ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ကြေညာသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Mr. Larry M. Dinger က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့်စပ်လျဉ်း၍ မေးမြန်းလိုကြောင်း၊ ဝန်ကြီးများအနေဖြင့် ပါတီတည်ထောင်ခွင့် လျှောက်ထားခြင်းမှာ ဥပဒေနှင့်ညီ/ မညီ၊ ပါတီတည်ထောင်ခွင့်ပြုနိုင်/မပြုနိုင် မေးမြန်းရာ ဥက္ကဋ္ဌဦးသိန်းစိုးက **ပါတီတည်ထောင်လိုသူများတွင် နိုင်ငံ့ဝန်ထမ်းများ မပါဝင်ရန်သာ ဥပဒေပြဋ္ဌာန်းချက်ရှိပါကြောင်း၊ ဝန်ကြီးများသည် နိုင်ငံ့ဝန်ထမ်း မဟုတ်ဘဲ Political Post သာဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၈၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာစတင်တည်သည့်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်အောက်၌ ဖွဲ့စည်းထားရှိသည့် တပ်မတော်အပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲ ဖြစ်ကြသော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက အခြားပြဋ္ဌာန်းခြင်းမပြုသမျှ ဆက်လက်အမှုထမ်းရမည်ဟု လည်းကောင်း၊ အခြေခံဥပဒေပုဒ်မ ၄၄၄(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ပေးအပ်သည့် အစိုးရအဖွဲ့မပေါ်ပေါက်မီ မိမိတို့၏ သက်ဆိုင်ရာတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိသည်ဖြစ်ရာ လက်ရှိဝန်ကြီးများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတည်ထောင်ခြင်းမှာ ဥပဒေနှင့်ညီညွတ်ပါကြောင်း၊** အခြားနိုင်ငံများတွင်လည်း သမ္မတ၊ ဝန်ကြီးများက ပါတီလုပ်ငန်းများတွင် ဆောင်ရွက်နေမှုများရှိပါကြောင်း၊ နောင်တွင် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ဖွဲ့စည်းမည့်အစိုးရအဖွဲ့တွင် ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသူများသာ ပါတီလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်မှုမပြုရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

လွတ်လပ်၍တရားမျှတ

ထို့နောက် Mr. Kurt Campbell က ရွေးကောက်ပွဲအတွက် နိုင်ငံတကာ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ အထူးသဖြင့် အာဆီယံအဖွဲ့များ လာရောက်ခွင့်ပြု/မပြု သိလိုပါကြောင်း မေးမြန်းရာ ဥက္ကဋ္ဌဦးသိန်းစိုးက **ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံတွင် အတွေ့အကြုံများစွာရှိပါကြောင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများမှ ပြဋ္ဌာန်းချက်များကိုလေ့လာကြည့်လျှင် ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ၎င်းတို့အတွက် ရွေးကောက်ပွဲကိုယ်စားလှယ်များ ခန့်ထားခွင့်ရှိခြင်း၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များ၊ စာရေးများခန့်ထားခွင့်ရှိခြင်း၊ ယင်းပုဂ္ဂိုလ်များအနေဖြင့် ဆန္ဒမဲပေးသည့်နေရာ မဲရုံများတွင် စောင့်ကြည့်ခွင့်ရှိခြင်းတို့အပြင် မဲရေတွက်သည့်အခါတွင်လည်း ယင်းတို့နှင့်အတူ မဲဆန္ဒရှင်များရှေ့မှောက်တွင် ရေတွက်ရမည်ဟု ပြဋ္ဌာန်းပေးထားပြီးဖြစ်ကြောင်း၊ လွတ်လပ်၍တရားမျှတအောင် ဆောင်ရွက်ပေးထားသည်မှာ ထင်ရှားကြောင်း၊ ထို့ကြောင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့များလာရောက်ရန် လိုအပ်မည်မဟုတ်ပါကြောင်း** ပြောကြားသည်။

Mr. Kurt Campbell က ကော်မရှင်ဥက္ကဋ္ဌကြီးနှင့် အဖွဲ့၏ ရှင်းလင်းပြောကြားချက်များကို ကျေးဇူးတင်ပါကြောင်း၊ လာမည့်ရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် အရေးကြီးသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါကြောင်း ပြောကြားရာ ကော်မရှင်ဥက္ကဋ္ဌက မိမိတို့အနေဖြင့် နိုင်ငံတကာရွေးကောက်ပွဲ အတွေ့အကြုံများကို လေ့လာသုံးသပ်၍ မိမိတို့နိုင်ငံအတွက် အကျိုးရှိအောင်ဆောင်ရွက်နေပါကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

အမြင်ချင်းဖလှယ်

Mr. Kurt Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅ နာရီ ၄၅ မိနစ်တွင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးညှော်ခန်းမ၌ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ရေးဆိုင်ရာများကို နှစ်ဖက်အမြင်ချင်းဖလှယ် မေးမြန်းဆွေးနွေးခဲ့သည်။

Mr. Kurt Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၆ နာရီ မိနစ် ၅၀ တွင် နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးညှော်ခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် တွေ့ဆုံခဲ့သည်။

အမွေခံ

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးအား အမွေခံအခြေပြုပြီး ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း။

ဖွဲ့စည်းမည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေနှင့် ပြည်သူများ၏ လိုအင်ဆန္ဒအတိုင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးနှင့် အခွန့်ရှည်တိုးတက်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ရည်မှန်းဖွဲ့စည်းခြင်းဖြစ်ပါကြောင်း။

ပါတီဖွဲ့စည်းထူထောင်ရန် စတင်အဆိုပြုသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်နှင့် ရွေးကောက်ပွဲဥပဒေ၏ ပြဋ္ဌာန်းချက်များအတိုင်း အစိုးရဝန်ထမ်းမှ နုတ်ထွက်ပြီးဖြစ်ပါကြောင်း၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးရာထူးများသည် အစိုးရဝန်ထမ်း မဟုတ်သော နိုင်ငံရေးတာဝန်များသာဖြစ်ပါကြောင်း။

အားပေးဆောင်ရွက်

ပါတီအနေဖြင့် စည်းရုံးသိမ်းသွင်းသည့်အခါတွင် ပါတီဝင်များကို သတ်မှတ်ချက်များနှင့်အညီ စည်းရုံးသိမ်းသွင်းသွားမည်ဖြစ်ကြောင်း၊ မူလပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွင် အစိုးရဝန်ထမ်းများလည်းပါရှိပါကြောင်း၊ ပါတီဝင်အဖြစ် ဝင်ရောက်မည်ဆိုလျှင် အစိုးရဝန်ထမ်းမှ နုတ်ထွက်သူများကိုသာ လက်ခံမှာဖြစ်ပါကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များတွင် ကျောင်းသားများလည်း ပါရှိနေကြောင်း၊ ကျောင်းသားများအား ပါတီနိုင်ငံရေးကင်းကင်းနှင့် ပညာသင်ကြားစေလိုသော ဆန္ဒရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပါတီဝင်အဖြစ် သိမ်းသွင်းခြင်းမပြုဘဲ ပညာသင်ကြားရေးကိုသာ အားပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း။

မိမိတို့အနေနှင့် နိုင်ငံတော်နှင့် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုတို့အတွက် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒနှင့် အတည်ပြုထားပြီးဖြစ်သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ဥပဒေများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူများအတွက် ထိုက်တန်သည့် အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရေးအတွက် ပြည်သူတစ်ရပ်လုံးအား စည်းရုံးပြီး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပါတီအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးအနေနှင့် ယုံကြည်ချက်၊ ခံယူချက်များ၊ လမ်းစဉ်များ ကွာခြားနိုင်သော်လည်း နိုင်ငံတော်နှင့် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်ကြမည်ဆိုသည်ကို မိမိတို့အနေဖြင့် ယုံကြည်ပါကြောင်း ပြောကြားသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် Mr. Campbell နှင့်အဖွဲ့က နိုင်ငံရေးပါတီဖွဲ့စည်းခြင်းဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဆိုင်ရာများနှင့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဆိုင်ရာများကို မေးမြန်းဆွေးနွေးရာ အထွေထွေအတွင်းရေးမှူးက ပြန်လည်ရှင်းလင်း ဆွေးနွေးပါသည်။

၎င်းနောက် Mr. Campbell က ယခင်ခရီးစဉ်နှင့် ယခုခရီးစဉ်အကြားတွင် တိုးတက်ပြောင်းလဲမှု များစွာရှိခဲ့ပါကြောင်း၊ အထွေထွေအတွင်းရေးမှူး၏ ရှင်းလင်းပြောကြားချက်များသည် များစွာအကျိုးရှိပါကြောင်း၊ အသစ်ပေါ်ပေါက်လာမည့် အစိုးရသည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆွေးနွေးမှုများကို ပိုမို၍ အင်တိုက်အားတိုက် အလေးအနက်ထားဆောင်ရွက်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားရာ အထွေထွေအတွင်းရေးမှူးက အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်နိုင်သည်နှင့်အမျှ နှစ်ဖက်စလုံးအတွက် အကျိုးကျေးဇူးရှိမည်ဖြစ်ကြောင်း၊ သဘောထားအမြင် မတူညီမှုရှိသည်များကိုလည်း ညှိနှိုင်းဆွေးနွေးမှုဖြင့် ဖြေရှင်းနိုင်ကြောင်း၊ အဆွေတော်၏ ယခုခရီးစဉ်သည် အောင်မြင်မှုရှိမည်ဟု ယုံကြည်ကြောင်း ပြန်လည်ဆွေးနွေး ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၂-၅-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၃၅	၃။	အမျိုးသားရေး တေးကဗျာ
၄:၄၅	၄။	မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၄:၅၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၅	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၁၅	၈။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၂၅	၉။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅:၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	လျှပ်တစ်ပြက်
၆:၃၅	၁၄။	Mail Box
၆:၄၅	၁၅။	ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** အပိုင်း(၁၁)
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** အပိုင်း(၈)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ရယ်ရွှင်စရာဟာသပဒေသာ **စကားကြီးလေးခွန်း** စုမီ၊ အရိုင်း၊ ကျော်ထူး၊ ဆုပန်ထွာ၊ ရွှန်းလဲ့ [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
	၂၂။	အိုင်စီတီသုတ
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၄၅)

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့၌ ပေါက်ကွဲမှုဖြစ်ပွား

နေပြည်တော် မေ ၁၁

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့နယ် ဘုရားသုံးဆူမြို့အဝင် ဂျပန်ရေတွင်းကျေးရွာ၌ မေ ၉ရက် ည ၉နာရီ ၁၅မိနစ်ခန့်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်တွင် အမျိုးသားနှစ်ဦး ဆိုင်ကယ်စီးလာစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နှစ်ဦးစလုံး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြသည်။ တာဝန်ရှိသူများက စိစစ်ရာ ဘုရားသုံးဆူမြို့နေ အောင်အောင် အသက် (၄၁)နှစ် (ဘ) ဦးစိန်လွင်၊ ဆိုင်ကယ်တက္ကစီမောင်းသူအား ကေအင်န်ယူတပ်မဟာ(၆) အကောက်တာဝန်ခံတစ်ဦးက ဘုရားသုံးဆူမြို့တွင်း၌ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးပေးရန် ငွေပေးစေခိုင်းခဲ့သဖြင့် အဖော်တစ်ဦးနှင့်အတူ မိုင်းအား သယ်ယူလာစဉ် ပေါက်ကွဲမှုဖြစ်ခဲ့ရခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦးအား ဘုရားသုံးဆူ ပြည်သူ့ဆေးရုံ၌ လိုအပ်သော ပြုစုကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

မသိနားမလည်သူ ပြည်သူများအား သောင်းကျန်းသူများက ငွေကြေးပေး စေခိုင်းမှုကြောင့် အပြစ်မဲ့ပြည်သူလူထုများ သေကျေထိခိုက် ဒဏ်ရာရရှိခြင်းနှင့် စိုးရိမ်ထိတ်လန့်နေရခြင်းများ ဖြစ်ပွားခဲ့ရပြီး ငွေကြေးပေး၊ အကျပ်ကိုင်ခိုင်းစေခြင်း ခံရသူများသည်လည်း ၎င်းတို့ကိုယ်တိုင် အန္တရာယ်ဆိုးများနှင့် ကြုံတွေ့နေရကြောင်း သတင်းများရရှိသည်။ **(သတင်းစဉ်)**

ရရှိပြီးဖြစ်သော ဖွံ့ဖြိုးမှုအလားအလာကောင်းများကိုထိန်းသိမ်း အရှိန်အဟုန်မပျက် ဆက်လက်ဖော်ဆောင်နိုင်ရေး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် သိပ္ပံနည်းပညာများ၊ စက်မှုအတတ်ပညာများ ရယူအသုံးချနိုင်ရေးကြိုးပမ်း

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၄)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၁

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်နိုင်သိန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးဖုန်းဇော်ဟန်၊ ဒုတိယ ဝန်ကြီးများ၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများနှင့် လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌဦးကျော်သူက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ခေတ်မီနိုင်ငံ ထူထောင်နိုင်ရေး ကြိုးပမ်းရာ၌ စွမ်းဆောင်ရည်မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ပါဝင်ကြိုးပမ်း အားထုတ်မှုများသည် ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည့်အတွက် မြန်မာ့ပညာရေး မျှော်မှန်းချက်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများကို စနစ်တကျချမှတ်ပြီး အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် စနစ်တကျ ပြုစုပျိုးထောင်လျက်ရှိကြောင်း။

ခေတ်နှင့်အညီပြောင်းလဲ

ယနေ့အချိန်အခါတွင် သိပ္ပံနှင့် နည်းပညာများ တစ်ရှိန်ထိုးတိုးတက်ပြောင်းလဲလာမှုနှင့်အတူ ပညာရေးနယ်ပယ်မှ လေ့လာသင်ယူမှုများသည် ရပ်တန့်မနေဘဲ ပညာရေးရည်မှန်းချက်များအနေဖြင့်လည်း ခေတ်နှင့်အညီ ပြောင်းလဲနေပြီဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံ့တာဝန်များကို ရယူထမ်းဆောင်ခဲ့ရပြီးသည့်နောက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကို တည်ဆောက်သွားမည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်နိုင်ရေးအတွက် မျက်မှောက်ကာလနှင့် အနာဂတ်အခြေအနေတို့ကိုပါ မျှော်မှန်းပြီး အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို မျှော်မှန်းချက် (၁၂)ရပ်ဖြင့် ၂၀၀၀-၂၀၀၁ မှ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အထိ စတင်ဆောင်ရွက်ခဲ့ကြောင်း။

အမျိုးသားပညာရည် မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် နှစ်တိုငါးနှစ်စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုဆိုလျှင် ဒုတိယနှစ်တို ငါးနှစ်စီမံကိန်း စတုတ္ထနှစ်ကို လွန်မြောက်ခဲ့ပြီး ပဉ္စမနှစ်စီမံကိန်း လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်နေသည့်ကာလသို့ ရောက်ရှိလာပြီဖြစ်ကြောင်း။

သတ်မှတ်ဆောင်ရွက်

အမျိုးသားပညာရည် မြင့်မားရေး စီမံကိန်း၏ မူလမျှော်မှန်းချက် (၁၂)ရပ်ကိုလည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဆိုင်ရာကဏ္ဍ၊ နည်းပညာအသုံးပြုမှုဆိုင်ရာကဏ္ဍ၊ သုတေသနလုပ်ငန်းဆိုင်ရာကဏ္ဍ၊ စဉ်ဆက်မပြတ် သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဆိုင်ရာကဏ္ဍ၊ ပညာရည်အဆင့်မြင့်တင်မှုဆိုင်ရာကဏ္ဍ၊ အမျိုးသားရေးစံနှုန်းနှင့် အမျိုးသားရေးတန်ဖိုး ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကဏ္ဍဆိုသည့် ကဏ္ဍ(၆)ရပ် ပြုပြင်တိုးချဲ့ ပိုင်းခြားပြီး သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း။

အဆင့်မြင့်ပညာ ကဏ္ဍအနေဖြင့် စီမံကိန်းလုပ်ငန်းစဉ် (၃၆)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အခွင့်အလမ်းပွင့် ပညာရေးအခြေအနေများကို ဖန်တီးပေးပြီး အရည်အသွေးမြင့်တင်နိုင်ရေးအတွက် တက္ကသိုလ်ကြီးများတွင် မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့ သင်တန်းများ တိုးချဲ့ဖွင့်လှစ်မှု၊ တက္ကသိုလ်ဒီဂရီကောလိပ်အလိုက် ဖွင့်လှစ်ထားသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများတွင် ဒေသအလိုက် အသုံးချနိုင်သည့် လူမှုစီးပွားရေး ကျွမ်းကျင်မှုဆိုင်ရာဘွဲ့၊ ဒီပလိုမာသင်တန်းများကို တိုးချဲ့သင်ကြားပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း။

အရှိန်အဟုန်မပျက်

မျက်မှောက်ကာလ နိုင်ငံတကာတွင် သိပ္ပံနှင့်နည်းပညာများ၊ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာများ၊ စက်မှုနည်းပညာရပ်ဆိုင်ရာ တိုးတက်ပြောင်းလဲမှုများသည် အခြားသော စီးပွားရေး၊ လူမှုရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍများအားလုံးအပေါ်တွင် လွှမ်းခြုံရိုက်ခတ်နေမှုကို အထင်အရှား တွေ့မြင်နေကြရမှာ ဖြစ်ကြောင်း၊ ဤအခြေအနေတွင် မိမိတို့နိုင်ငံအနေဖြင့် ရရှိပြီးဖြစ်သော ဖွံ့ဖြိုးမှု အလားအလာကောင်းများကို ထိန်းသိမ်းပြီး အရှိန်အဟုန်မပျက် ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ကမ္ဘာနှင့်အဝန်း ဖွံ့ဖြိုး တိုးတက်လျက်ရှိသည့် သိပ္ပံနည်းပညာများ၊ စက်မှုအတတ်ပညာများအား ရယူအသုံးချနိုင်ရေး ကြိုးပမ်းကြရမှာဖြစ်ကြောင်း။

ခေတ်သစ်စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားပြီး အနာဂတ်နိုင်ငံတော်ကို ခေတ်မီနိုင်ငံအဖြစ် ထူထောင်နိုင်ရေးအတွက် လိုအပ်သည့် ခေတ်မီနည်းပညာများ ကျွမ်းကျင်တတ်မြောက်သော ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များအား အဆင့်မြင့် ပညာကဏ္ဍမှ အဓိကပြုစုပျိုးထောင်သွားကြရမှာဖြစ်ကြောင်း၊ ဤကဲ့သို့ ပြုစုပျိုးထောင်ရာတွင် ကျောင်းစာ တစ်ခုတည်း ထူးချွန်မှုဖြင့် မလုံလောက်ဘဲ လူမှုဆက်ဆံရေး၊ စာရိတ္တ၊ အားကစားစသည့် အဘက်ဘက်တွင် ဘက်စုံဖွံ့ဖြိုးလာစေရေး လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်သည်မှာ ထင်ရှားလျက်ရှိကြောင်း။

စူးစမ်းရှာဖွေ

တစ်ဖက်တွင်လည်း ဆရာ ဆရာမများအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးအား ကမ္ဘာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဘက်စုံကဏ္ဍစုံတွင် ခေတ်နှင့်အညီ ပြောင်းလဲဖြစ်ပေါ်နေသော အဆင့်မြင့်ပညာရပ်ဆိုင်ရာ စူးစမ်းရှာဖွေမှုများ၊ အဆင့်မြင့်သုတေသနလုပ်ငန်းဆိုင်ရာ အရည်အသွေးများကိုပါ တစ်ပြေးညီ မြင့်မားတိုးတက်လာစေရေးအတွက် ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဘက်စုံ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ **"နိုင်ငံတော်ကို အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေမည့် နိုင်ငံတော်ဖြစ်ပေါ်ရေးကို ရှေးရှုဆောင်ရွက်သည့်အခါတွင် ရေရှည်မျှော်မှန်းချက်ဖြင့် အားထုတ်ကြရမည်ဖြစ်ကြောင်း၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာရန်အတွက် သဘာဝစွမ်းအား၊ လူ့စွမ်းအား၊ နိုင်ငံသား တိုင်းရင်းသားအပေါင်းတို့၏ စိတ်ဓာတ်စွမ်းအားများဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ကြရမည်"** ဆိုသည့် မိန့်ကြားချက်အား အလေးအနက် လိုက်နာသွားကြရမည်ဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

ဆရာ ဆရာမများအနေဖြင့် အမျိုးသားရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် မိမိတို့တစ်ဦးချင်း၏ လေ့လာဆည်းပူးမှုနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ မြင့်မားနေစေရန် သင်တန်းကာလတစ်လျှောက် သင်ကြားပို့ချပေးမှုများကို အကျိုးရှိရှိ ရယူသွားကြရန် လိုအပ်ကြောင်း တိုက်တွန်း မှာကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူတက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ (၅၃၈)ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

Myanmar Timber Digest
မဂ္ဂဇင်း အတွဲ (၄)၊ အမှတ် (၁)ထွက်ရှိ

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း စာပေအသိပညာ ပြန့်ပွားရေးလုပ်ငန်းကော်မတီက လူအများ သစ်တောသစ်ပင်ကို ချစ်ခင်မြတ်နိုးစိတ် ဖြစ်ပေါ်ထွန်းကားစေရန်၊ မိမိရှင်သန်နေထိုင်သည့် ပတ်ဝန်းကျင်၏ သဘာဝအလှတရားတို့အား ခံစားတတ်စေရန်နှင့် ဂေဟစနစ်မပျက်စီးစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ သစ်နှင့် ပတ်သက်သော အတွေ့အကြုံဗဟုသုတ ရရှိစေရန်တို့ကို ဦးတည်၍ Myanmar Timber Digest အမည်ရှိ မဂ္ဂဇင်းကို ထုတ်ဝေလျက်ရှိသည်။ ယခုအခါ ထိုမဂ္ဂဇင်း အတွဲ (၄)၊ အမှတ် (၁) မေလထုတ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအတွဲ (၄)၊ အမှတ် (၁) မေလထုတ် မဂ္ဂဇင်းတွင် နောင်စစ်သည်၊ ဝင်းချစ် (အမျိုးသားစာပေဆု)၊ ဖိုးဆွေ (သစ်လုပ်ငန်း)၊ ခင်အောင် (ငြိမ်း)၊ ကြည်ဦး(သစ်)၊ ဦးတင်လှ (သစ်တော)၊ ထိပ်တင်သက်၊ ဦးကောင်းရင်၊ နေဝန်းမြတ်၊ ဇော်ဝင်း(သစ်)၊ မောင်လေ့လာ၊ ဦးဝင်းကြည်၊ နေထွန်းမင်း၊ ဇော်ဝင်းဖေ၊ မြင့်ဆွေ၊ တင်ဘညို(ရော)၊ မောင်တင်စိုး (ဇလွန်)၊ ဘာဘာချို (ပုဂံ)၊ အညာသား၊ ကိုကိုချစ် (၅၂၈)၊ မေခင်စိန်၊ ထွန်းမောင် (TAP)စသည့် စာရေးဆရာ ကလောင်စုံတို့ ပါဝင်ရေးသားတင်ပြထားသည်။ **(သတင်းစဉ်)**

အုပ်စုတွင်း ပြိုင်ဘက် အက်ရှ်ကာမက်ထက် ဂိုးသွင်းစွမ်းရည်ပြသွားတဲ့ ရတနာပုံ F.C

သတင်းမြင်ကွင်း ➤ ဖိုးသော်ဇင် | **စာမျက်နှာဖွဲ့စည်းမှု ➤ လှဲ့လှဲ့ဝင်း (မြန်မာ့အလင်း)**

ရန်ကုန် မေ ၁၁

၂၀၁၀ AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စု (ဂ) ပွဲစဉ်များကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ အိမ်ရှင် ရတနာပုံအသင်းက ဘူလ်တန်ကလပ် ဒရုတ်စတားအသင်းကို ၁၁ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။

ရတနာပုံ - ၁၁ဂိုး။
ဒရုတ်စတား - ဂိုးမရှိ။

တိုက်စစ်ကစား

ဘူလ်တန်ကလပ် ဒရုတ်စတားအသင်းဟာ အိမ်ရှင်ရတနာပုံအသင်းကို အဘက်ဘက်က မယှဉ်နိုင်ခဲ့တာကြောင့် ပထမပွဲထက်ပိုပြီး ဂိုးပြတ်ရှုံးနိမ့်သွားရတာ ဖြစ်ပါတယ်။ အုပ်စုဗိုလ်နေရာအတွက် အပြိုင်လုရဖွယ်ရှိတဲ့ တာ့ခ်မင်နစ္စတန်ကလပ်အက်ရှ်ကာမက် အသင်းက ဂိုးပြတ်အနိုင်ရထားတာကြောင့် ရတနာပုံအသင်းဟာ ပွဲစကတည်းက ဂိုးရဖို့ ကြိုးစားခဲ့ပါတယ်။ ဒရုတ်စတားအသင်းဟာ ပထမပွဲထက် တိုက်စစ်ကစားပုံပိုကောင်းခဲ့ပေမယ့် ခံစစ်ပိုင်းကတော့ အမှားများခဲ့လို့ ပထမပိုင်းတင် ကိုးဂိုးအထိ ပေးခဲ့ရပါတယ်။

ရန်ပိုင်၊ အောင်ကျော်မိုး၊ ခင်မောင်ထွန်း၊ ကျော်ခိုင်ဝင်း၊ ဂျီနွန်ဆီယန်တို့နဲ့ လူစုံပါဝင်လာတဲ့ ရတနာပုံအသင်းဟာ ပွဲစကတည်းက အချိတ်အဆက်မိမိနဲ့ ကစားနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ရတနာပုံ တိုက်စစ်တွဲလုံးတွေဟာ ထိရောက်မှုရှိခဲ့ပြီး လေးမိနစ်မှာပင် ကွင်းလယ်လူ အောင်ကျော်မိုးက အဖွင့်ဂိုးစတင် သွင်းယူခဲ့ပါတယ်။ ဆက်တိုက်ဆိုသလို ရတနာပုံအသင်းက ဖိကစားသွားပြီး ၁၇မိနစ်မှာ ပိုင်စိုးက ဒုတိယဂိုး၊ မိနစ် ၂၀ မှာ တိုက်စစ်မှူး ရန်ပိုင်က တတိယဂိုးတို့ကို သွင်းယူခဲ့ပါတယ်။ ရတနာပုံအသင်းရဲ့ တိုက်စစ်မှူးတွေကို တစ်ဦးချင်းထိန်းကစားနိုင်ခြင်း မရှိခဲ့တဲ့ ဒရုတ်စတားအသင်းဟာ ဂိုးတွေဆက်တိုက်ပေးခဲ့ရပြီး ၂၄မိနစ်မှာ ရဲဇော်ထက်အောင်၊ ၂၆မိနစ်၊ ၂၈မိနစ်နဲ့ ၃၃မိနစ်တို့မှာ ပိုင်စိုး၊ ၃၂မိနစ်နဲ့ ၄၃မိနစ်တို့မှာ ရန်ပိုင်တို့က အနိုင်ဂိုးတွေထပ်မံသွင်းယူခဲ့ပါတယ်။ ပထမပိုင်းမှာ လေးဂိုးအထိသွင်းယူနိုင်ခဲ့တဲ့ ပိုင်စိုးဟာ အက်ရှ်ကာမက်အသင်းခေါင်းဆောင် ရှာမူရာဒေါ့ဗ်နဲ့ သွင်းဂိုးတူသွားပြီး ဂိုးသွင်းအများဆုံးဆုအတွက် ထိပ်ဆုံးက ဦးဆောင်နေပါတယ်။

အနိုင်ရရှိခဲ့

ဒုတိယပိုင်းမှာတော့ ရတနာပုံအသင်းဟာ ပုံမှန်သာကစားသွားပြီး အမာခံတချို့ကိုလည်း အနားပေးခဲ့ပါတယ်။ မိနစ် ၇၀ ကျော်မှာ နောက်ခံလူ ဂျီနွန်ဆီယန် အနည်းငယ် ဒဏ်ရာရသွားလို့ ရန်ပိုင် နောက်မှာ ဆင်းကစားပြီး ဂျီနွန်ဆီယန်ကတော့ အလယ်တန်းဘယ်တောင်ပံမှာ ကစားခဲ့ပါတယ်။ ရတနာပုံအတွက် အနိုင်ဂိုးတွေကို လူစားဝင်လာတဲ့ အေးမိုးက မိနစ် ၆၀ နဲ့ သက်နိုင်က ၆၈ မိနစ်တို့မှာ သွင်းယူခဲ့တာကြောင့် ပွဲအပြီးမှာ ရတနာပုံအသင်း ၁၁ ဂိုးအပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ပါဝင်ကစားခဲ့

ရတနာပုံအသင်းမှာ **ဂိုး**-ယဉ်မင်းအောင်၊ **နောက်တန်း**-ခင်မောင်ထွန်း၊ ဂျီနွန်ဆီယန်၊ ကျော်ခိုင်ဝင်း၊ ချစ်စမ်းမောင်၊ **အလယ်တန်း**-အောင်ကျော်မိုး (အေးမိုး)၊ ကိုနေး(အောင်ချမ်းမိုး)၊ ရဲကိုဦး၊ ရဲဇော်ထက်အောင်(သက်နိုင်)၊ ပိုင်စိုးနဲ့ **ရှေ့တန်း**-ရန်ပိုင်တို့ ပါဝင်ကစားခဲ့ကြပါတယ်။ ။ **(မြန်မာ့အလင်း)**

ယနေ့ပွဲ

ညနေ ၄ နာရီ

(သုဝဏ္ဏကွင်း)

ရီနောင်းစပို့စ် - နာဂါကော့ဗ်

(အောင်ဆန်းကွင်း)

KRL - ဗာကက်ရှ်

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

စာကြည့်တိုက်များအတွက် ပညာဒါနအုတ်မြစ်

အေးချမ်း

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် ပညာဖြင့် အရာရာကိုစေစား၍ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်လျက်ရှိသော Knowledge Age ဖြစ်ပါသည်။ နိုင်ငံတစ်ခု၊ လူမျိုးတစ်မျိုး ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံမှာ အသိပညာ၊ အတတ်ပညာ ကြွယ်ဝခြင်းတည်းဟူသော လူ့စွမ်းအားအရင်းအမြစ်သည် အဓိကဖြစ်ပါသည်။ အသိပညာနှင့် အတတ်ပညာတွင်လည်း အသိပညာသည် ရှေ့မှဦးဆောင်သည်ဟု ယူဆနိုင်ပါလိမ့်မည်။ ထို့ကြောင့် လူတစ်ယောက်၊ မိသားတစ်စု၊ ရွာတစ်ရွာ၊ မြို့တစ်မြို့၊ နယ်မြေဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံသည် လူတိုင်းလူတိုင်း အသိပညာ၊ ဗဟုသုတ ကြွယ်ဝနေရန် လိုအပ်သည်မှာ ထင်ရှားလှပေသည်။

အသိပညာဗဟုသုတသည် လူတစ်ယောက် ဘဝတိုးတက်မှု၊ နိမ့်ပါးဆုတ်ယုတ်မှုကို အဆုံးအဖြတ်ပေးနိုင်သကဲ့သို့ မိမိ မိသားစု မိမိ တိုင်းပြည်အတွက်ပါ အရေးပါအရာရောက်သော စွမ်းအားတစ်ရပ်လည်းဖြစ်ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မွေးသည်မှ သေသည်အထိ လေ့လာဆည်းပူးသင်ယူမှုများကို အမှတ်တမဲ့သော်လည်းကောင်း၊ မှတ်မှတ်ထင်ထင်သော်လည်းကောင်း လုပ်ဆောင်ကြရသည်။ မိမိဘဝအောင်မြင်ရေးအတွက် ပညာရှာရသည်။ ဗဟုသုတကိုစုဆောင်းရသည်။ ထို့ကြောင့် စာဖတ်ရသည်။ ရေဒီယိုနားထောင်ရသည်။ ရုပ်မြင်သံကြားကြည့်ကြရသည်။ လူကြီးသူမ၊ ဆရာသမားထံမှ မေးမြန်းဆည်းပူးကြရသည်။ ကောင်းတာကိုယူ၍ မကောင်းတာကိုပယ်ကြရသည်။ ဆောင်သင့်တာကိုဆောင်၍ ရှောင်သင့်တာကို ရှောင်ကြရသည်။ လုပ်သင့်တာကိုလုပ်၍ မလုပ်သင့်တာကို ဆင်ခြင်ကြရသည်။ သို့မှသာ မိမိတို့ဘဝ အောင်မြင်တိုးတက်မှုကို ရနိုင်မည်ဖြစ်သကဲ့သို့ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံနှင့်လူမျိုးအကျိုးကိုလည်း သယ်ပိုးဆောင်ရွက်နိုင်ကြပါလိမ့်မည်။

လူတိုင်း လူတိုင်း အသိပညာ ဗဟုသုတရှိရန်၊ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပေသည်။ သို့မှသာ မိမိဘဝ စားဝတ်နေရေးကို အေးချမ်းသာယာလှပအောင် ဖန်တီးနိုင်မည်ဖြစ်သည်။ မိမိဘဝ ရှင်သန်ဖွံ့ဖြိုးရေးကို အမှားအမှန်ခွဲခြား စဉ်းစား၍ သုံးသပ်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ပြောမှား၊ ဆိုမှား၊ လုပ်မှား၊ ကိုင်မှားမရှိအောင် ကြိုးစားလုပ်ကိုင်ခြင်းဖြင့် ဘဝအောင်မြင်မှုရရှိနိုင်ကြလိမ့်မည်။ ထိုသို့ အသိဉာဏ်ပညာပြည့်စုံ၍ ဘဝကို အောင်မြင်အောင် ထူထောင်နိုင်သောလူသားများဖြင့် မိမိတို့ မိသားစုဘဝမှသည် နိုင်ငံနှင့် လူမျိုးအကျိုးကို သယ်ပိုးစွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။ အသိပညာ ဗဟုသုတကို ဆင့်ပွားတိုးတက် ရှာမှီးခြင်းဖြင့် စွမ်းရည်ပြည့်ဝသော တိုင်းရင်းသားပြည်သူများ၏ အင်အားဖြင့် အနာဂတ် သာယာလှပသည့်နိုင်ငံတော်ကို တည်ဆောက်ကြရမည်မှာ မလွဲပေ။

ပညာရှာမှီးသည့် အခွင့်အလမ်းများတွင် စာပေလေ့လာဖတ်ရှုခြင်းသည် ထပ်ခါထပ်ခါ လေ့လာနိုင်ခြင်းနှင့် ခိုင်မြဲသောအသိပညာကို ရစေနိုင်သည့် အကျိုးရှိဆုံးနည်းလမ်း၊ ပိုမိုထိရောက်အောင်မြင်သော နည်းလမ်းဖြစ်ပါသည်။ မိမိသိလိုသော အကြောင်းအရာကို မိမိသိလိုသည့် အချိန်တွင် ရှာဖွေဖတ်ရှုနိုင်ပြီး စိတ်ထဲစွဲသွားအောင် ထပ်ခါထပ်ခါ ဖတ်ရှုလေ့လာနိုင်ခြင်း၊ သဘောပေါက်နားလည်သည်အထိ လေ့လာဖတ်ရှု သုံးသပ်လက်ခံနိုင်ခြင်းတို့ကြောင့် စာပေလေ့လာ ဖတ်ရှုခြင်းသည် အထိရောက်ဆုံးသော ပညာဗဟုသုတ ရှာမှီးခြင်းဟု ဆိုလိုခြင်းဖြစ်ပါသည်။

ထို့ကြောင့် ယနေ့အခါတွင် နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူ အဆင့်ဆင့်က ပြည်သူလူထုတစ်ရပ်လုံး ပညာရှာဖွေ၊ ဗဟုသုတ တိုးပွားရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို တည်ထောင်နိုင်ရန်နှင့် ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတည်တံ့ခိုင်မြဲစေရန် ဘက်ပေါင်းစုံမှ အားပေးကူညီ ဆောင်ရွက်ပေးလျက် ရှိပါသည်။ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဟု ဆိုသော်လည်း အချို့တတ်နိုင်စွမ်းနည်းပါးသော ကျေးရွာများအတွက် နိုင်ငံတော်က သင့်တင့်သည့် ကုန်ကျစရိတ်မတည်ပြီး ကျေးလက်ပြည်သူများ၏ တတ်အားသမျှ ပူးပေါင်းပါဝင်မှုဖြင့် မဖြစ်ဖြစ်အောင် အကောင်အထည်ဖော်လျက်ရှိသည်မှာ အားရဝမ်းသာဖွယ်ဖြစ်ပေသည်။

ထိုသို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များနှင့် မြို့နယ်၊ရပ်ကွက် စာကြည့်တိုက်များ ပေါ်ထွန်းလာခြင်းကြောင့် လူဦးရေအများဆုံး နေထိုင်သည့် ကျေးလက်များ၌ လူငယ်လူရွယ်များ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးသည် စာပေလေ့လာဖတ်ရှုနိုင်ကြပြီး အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများ တစ်စထက်တစ်စ ပွားများနိုင်ကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ပညာဆိုသည်မှာ တစ်ကြိမ်တစ်ခါတည်း လေ့လာသင်ယူခြင်းဖြင့် တစ်ဘဝစာ ဖူလုံပြည့်ဝနိုင်သည့်အရာ မဟုတ်ပေ။ ပြီးပြည့်စုံမည် မဟုတ်ပေ။ နေ့စဉ်ရက်ဆက် သက်ဆုံးတိုင် လေ့လာဆည်းပူးကြမှသာ ဘဝအတွက် ပြည့်စုံနိုင်ပေလိမ့်မည်။ အသိပညာ၊ အတတ်ပညာများသည် အချိန်နှင့်အမျှ တိုးတက်နေသောကြောင့် မိမိတို့ကလည်း ပြောင်းလဲတိုးတက်မှုကို အမီလိုက်ရန် လိုအပ်ပေသည်။ ထို့ကြောင့် မိမိတို့ပြည်သူတစ်ရပ်လုံးသည် စာပေကို အမြဲမပြတ် လေ့လာဖတ်ရှုရန် လိုအပ်ပေရာ ထိုဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမှာလည်း အထူးအရေးကြီးလှပေသည်။

လက်ရှိအခြေအနေတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတော်၏ ပံ့ပိုးကူညီမှု၊ ဒေသဆိုင်ရာ အဖွဲ့အစည်း အဆင့်ဆင့်၏ အားပေးပံ့ပိုးမှု၊ ဒေသခံပြည်သူလူထု၏ ပါဝင်ပူးပေါင်းမှု၊ စေတနာရှင်၊ အလှူရှင်တို့၏ လှူဒါန်းမှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အောင်မြင်သင့်သလောက် အောင်မြင်နေသည်မှာ နိုင်ငံအတွက် အားရကျေနပ်ဖွယ်ဖြစ်ပါသည်။ သို့သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည့် ရေရှည်လုပ်ငန်းစဉ်တစ်ခုဖြစ်ပေရာ ယာယီအားဖြင့် အထက်ပါအားများဖြင့် ပူးပေါင်းဆောင်ရွက်မှုမျိုးထက် စာကြည့်တိုက်များကိစ္စကို တစိုက်မတ်မတ် အားသွန်ခွန်စိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနေမည့် စာကြည့်တိုက်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရေးနှင့် အလှူရှင်၊ စေတနာရှင်များ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ရေးအတွက် ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း တွေ့ရှိရပေသည်။

စာကြည့်တိုက်တစ်ခု ရေရှည်တည်တံ့ခိုင်မြဲရန်၊ ဖွံ့ဖြိုးတိုးတက်ရှင်သန်ခိုင်မာရန်မှာ လွယ်ကူသည့်လုပ်ငန်းတစ်ရပ် မဟုတ်ပါ။တစ်နိုင်ငံလုံးအတွက် များပြားသော အရေအတွက်ဆိုပါက ပိုမိုခက်ခဲမည်မှာ အမှန်ဖြစ်ပါသည်။ လက်ရှိဆောင်ရွက်နေသည့် အင်အားများဖြင့် ပြီးမြောက်အောင်မြင်အောင် မလုပ်နိုင်ဟု မဆိုနိုင်သော်လည်း အချိန်ပိုမိုရယူကာ ပင်ပန်းစွာ ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်သဖြင့် အတိုင်းအတာတစ်ခုအထိ အရှိန်လျော့နည်းနှေးကွေးနိုင်မည်မှာ အမှန်ပင်ဖြစ်ပါသည်။ ခိုင်မာသော စာကြည့်တိုက် တစ်ခုအတွက် ကိုယ်ပိုင်မြေ၊ သင့်တင့်သော ကိုယ်ပိုင်အဆောက်အအုံ၊ ပြည့်စုံသောပရိဘောဂ၊ များပြားစုံလင်သော စာအုပ် စာစောင်များအပြင် စေတနာဖြင့် ဆောင်ရွက်ပေးမည့် စာကြည့်တိုက်ကော်မတီနှင့် စာကြည့်တိုက်မှူးကောင်းတို့ဖြင့်ပြည့်စုံရန် လိုအပ်သည်မှာ အမှန်ပင် ဖြစ်ပေသည်။

မြေ၊ စာကြည့်တိုက်မှူးဆိုသည်တို့မှာ သာမန်အားဖြင့် ငွေကြေးလိုချင်မှလိုမည်။ ရပ်ပိုင်၊ ရွာပိုင်မြေနှင့် စေတနာရှင်များက လှူဒါန်းမှု လုပ်အားဒါနတို့ဖြင့် ရရှိနိုင်ပေသည်။ သို့သော်လည်း စာပေဖတ်ရှုလေ့လာလိုသူများ သက်သောင့်သက်သာဖြင့် အေးချမ်းစွာဖတ်ရှုနိုင်စေရန် လိုအပ်သော စားပွဲ၊ ကုလားထိုင်၊ စာအုပ်များ ထားသိုသိမ်းဆည်းရန် ဗီရို၊ စာအုပ်စင်များ၊ ကဏ္ဍစုံလေ့လာဖတ်ရှုနိုင်ရန် အချိန်နှင့်တစ်ပြေးညီ အသစ်အသစ်ထွက်ပေါ်လာနေသော စာအုပ်များဖြင့် ပြည့်စုံရန်မှာမူ ငွေကြေး အထောက်အပံ့များစွာ လိုအပ်လှပါသည်။ ရှိပြီးသား စာအုပ်ကလေးတွေ ပျက်စီး၊ ပျောက်ဆုံး၊ ရှိပြီးသားစားပွဲ၊ ကုလားထိုင်လေးတွေ ကျိုးပဲ့ပျက်စီးခြင်းဖြင့် တဖြည်းဖြည်း တိမ်မြုပ်ပျောက်ကွယ်သွားသော စာကြည့်တိုက်မျိုး မဖြစ်စေရန် အမြဲမပြတ်အားပေး ကူညီထောက်ပံ့နေမှသာ ဖြစ်နိုင်ပေလိမ့်မည်။ **နိုင်ငံတော်နှင့် တာဝန်ရှိသော ဝန်ကြီးဌာနတို့က တတ်နိုင်သမျှ ပံ့ပိုးမှု၊ စာအုပ် စာစောင် လှူဒါန်းမှုတို့ ပြုလုပ်လျက်ရှိသော်လည်း နိုင်ငံအနှံ့ဆိုပါက လုံလောက်ပြည့်စုံရန် ခက်ခဲလှသဖြင့် အင်တိုက်အားတိုက် ပါဝင်ကူညီ ဆောင်ရွက်ပေးမည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းကြီးတစ်ခုရှိပါက ပိုမိုထိရောက်အောင်မြင်လွယ်ကူမည်မှာ အမှန်ပင်ဖြစ်ပါသည်။**

မိမိတို့နိုင်ငံတွင် ကျန်းမာရေး၊ စာပေဖွံ့ဖြိုးရေးနှင့် ပညာရေးတို့အတွက် ရန်ပုံငွေအဖွဲ့အစည်းများ၊ ဘိုးဘွားများ ပြုစုစောင့်ရှောက်ရန် အဖွဲ့အစည်းများ၊ အခြားလူမှုရေးဆိုင်ရာ ကိစ္စများ၊ ပံ့ပိုးကူညီနေသော အဖွဲ့အစည်းများ စသည်ဖြင့် မိမိတို့တတ်နိုင်သည့်ဘက်မှ သက်ဆိုင်ရာ နယ်ပယ်လောကကို ဖွံ့ဖြိုးတိုးတက်အောင် အားပေးကူညီလျက်ရှိသည်ကို တွေ့ရပါသည်။ အလားတူပင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးအတွက် အာရုံစိုက်ဆောင်ရွက်ပေးမည့် အဖွဲ့အစည်းတစ်ရပ်နှင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရေး လိုအပ်ချက်မှာ အထူးပင်အရေးကြီးပေရာ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့်အဖွဲ့ ပေါ်ပေါက်ရေးကို ကြိုးစားလုပ်ဆောင်နေသည်ကို တွေ့မြင်ပီတိဖြစ်ရပါသည်။ မကြာမီပင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးကို ကျယ်ကျယ်ပြန့်ပြန့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးနိုင်မည့် အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာတော့မည်ဖြစ်၍ ဝမ်းသာအားရ ကြိုဆိုမိပါသည်။ ပထမပိုင်းတွင် ဝါသနာပါပြီး ငွေကြေးတတ်နိုင်သူများ၊ မတည်အလှူရှင်ကြီးများ၊ အဖွဲ့အစည်းများ၏ အင်အားဖြင့် စတင်အကောင်အထည်ဖော်ပြီး နောက်ပိုင်းတွင် ပြည်နယ်နှင့်တိုင်းအနှံ့အားလုံး လူထုလူတန်းစား အလွှာအသီးသီးတို့က ကျယ်ပြန့်စွာ ပါဝင်လှုပ်ရှားဆောင်ရွက်ခြင်းဖြင့် စာကြည့်တိုက်များ ရှင်သန်ရေးအတွက် အဓိကမောင်းနှင်အားတစ်ရပ် ဖြစ်လာမည်မှာ မလွဲပေ။

ထိုသို့သော အဖွဲ့အစည်းကြီး ပေါ်လာခြင်းဖြင့် ယခင်က လက်လှမ်းတမီ ကြိုးစားလုပ်ကိုင် အကောင်အထည်ဖော်ရခြင်းထက်စာလျှင် ပြည်နယ်နှင့်တိုင်းအနှံ့ စေတနာရှင်၊ အလှူရှင်များစွာက သိရှိပါဝင် ပူးပေါင်းကူညီဆောင်ရွက်လာခြင်းဖြင့် ကျေးလက်စာကြည့်တိုက်များအား ပိုမိုထိရောက်စွာ အကူအညီပေးနိုင်မည် ဖြစ်သည်။ **ဤသည်မှာ အမျိုးသားရေး လိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးခြင်းဖြစ်၍ ပါဝင်ကူညီဆောင်ရွက်ကြသူများအတွက် ဂုဏ်ယူဝမ်းသာဖွယ်ရာ ကုသိုလ်ထူးတစ်ရပ်လည်း ဖြစ်ပါသည်။ အလှူတကာ့ အလှူတွင် ပညာဒါနသည် အမွန်မြတ်ဆုံးဖြစ်ပါသည်။** စေတနာရှင် အလှူရှင်များက ငွေအား၊ ပစ္စည်းအား၊ လူအား အလှူဒါနများ ပေါင်းစည်းခြင်းဖြင့် နောင်တွင် ထပ်မံတိုးပွားလာမည့် ခိုင်မာရှင်သန်နေသော ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များတွင် ကျောင်းသားလူငယ်များ လူရွယ် လူလတ်များအပါအဝင် ကျေးလက်ပြည်သူများ စာပေလေ့လာဖတ်ရှု၍ ဗဟုသုတ ရှာဖွေနိုင်ကြမည်ဖြစ်ရာ အသိပညာဗဟုသုတ ပြည့်စုံကြ၍ မိမိအကျိုး၊ ပတ်ဝန်းကျင်အကျိုး၊ တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်ကြမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုများပြားလာမည့်အရေး တွေးကြည့်ရုံမျှနှင့်ပင် အားရဝမ်းသာဖွယ် ကောင်းလှပါသည်။

ထို့ကြောင့် တာဝန်ရှိသည့် အကြီးအကဲများ၊ ဌာနဆိုင်ရာများမှ ကြိုးစားအကောင်အထည်ဖော်လျက်ရှိသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို အမြဲမပြတ်အားပေးကူညီသွားနိုင်ရန် ရည်ရွယ်ကာ ရန်ပုံငွေရှာဖွေ ကူညီထောက်ပံ့ပေးမည့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းကြီး အောင်မြင်စွာ အမြန်ပေါ်ပေါက်လာစေရန် ဆန္ဒပြုကြိုဆိုလိုက်ပါသည်။ ထို့ပြင် အဆိုပါ ဖောင်ဒေးရှင်းကြီးသို့ စေတနာရှင်၊ အလှူရှင်များ၊ တတ်နိုင်သူများ၊ ဝါသနာရှင်များက ငွေအား၊ ပစ္စည်းအား၊ လူအားတို့ဖြင့်၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်၊ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြခြင်းဖြင့် အနာဂတ်တွင် စာပေလေ့လာဖတ်ရှုသူများ အမြဲမပြတ် စည်ကားနေသည့် လှုပ်ရှားသက်ဝင် ဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ထွန်းလာနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများအတွက် ပညာဒါန အုတ်မြစ်ချနိုင်ရေး ရည်စူးလျက် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းကြီး၌ အားလုံးပူးပေါင်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

တာဝန်ရှိသည့် အကြီးအကဲများ၊ ဌာနဆိုင်ရာများမှ ကြိုးစားအကောင်အထည်ဖော်လျက်ရှိသည့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို အမြဲမပြတ် အားပေးကူညီသွားနိုင်ရန် ရည်ရွယ်ကာ ရန်ပုံငွေရှာဖွေကူညီထောက်ပံ့ပေးမည့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းကြီး အောင်မြင်စွာ အမြန်ပေါ်ပေါက်လာစေရန် ဆန္ဒပြုကြိုဆို။

စာကြည့်တိုက်ဟူသည်....

* ဘဝအတွက် မရှိမဖြစ်လိုအပ်သည့် အရာများအနက်မှ တစ်ခုဖြစ်သည်။

ဟင်နရီဝါ့ဒ်ဘီချာ

* သုခဘုံဆိုသည်မှာ စာကြည့်တိုက်ကဲ့သို့သော အရာမျိုးပင် ဖြစ်မည်ဟု ကျွန်ုပ် စွဲမြဲစွာ မှတ်ယူထားသည်။

ဂျော့လူးဝစ်ဘော်ဂက်စ်

* စာကြည့်တိုက်မှ စာအုပ်အငှားကတ် ရရှိခဲ့ချိန်မှစ၍ ကျွန်ုပ်၏ဘဝ စတင်ခဲ့တော့သည်။

ရီတာမေးဘရောင်း

* ကြီးကျယ်ခမ်းနားသော စာကြည့်တိုက် ဟူသမျှတွင် လူသားမျိုးနွယ်စုများ၏ ဘဝမှတ်တမ်းများ သိုမှီးထားလေ့ရှိသည်။

သောမတ်စ်ကာလီလီ

* စာကြည့်တိုက်များသည် လူ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ကြသူများပင် ဖြစ်သည်။

ဘာဘရာကိုနေး

* နှစ်စဉ် ဖွံ့ဖြိုးတိုးတက်လာသော စာကြည့်တိုက်များသည် လူ့သမိုင်း၏ ဂုဏ်ယူဖွယ်ရာ မှတ်တိုင်တစ်ခုပင် ဖြစ်သည်။

ဟင်နရီဝါ့ဒ်ဘီချာ

* စာကြည့်တိုက်များ၏ ရှင်သန်မှုကို ကန့်သတ်ထား၍ မရနိုင်ဘဲ ယင်းတို့သည် အစဉ်အမြဲ ဖွံ့ဖြိုးတိုးတက် လာလျက်ရှိသည်။

အော်ဂူစတင်ဘီရဲလ်

* စာကြည့်တိုက်များသည် ကျွန်ုပ်၏ အချိုတည်းစရာ ချောကလက်များ ထားသိုရာ အခန်းကဲ့သို့ပင် ဖြစ်ထွန်းတည်ရှိလာသည်။

ဂျူလီယာနာကင်မ်ဘောလ်

စုစည်းရေးသားသူ ➤ ချစ်စိုးနိုင်

12-5 (12).pmd 1 5/12/2010, 2:51 AM

စိန်လက်ကောက်တွေ၊ စိန်ဆွဲကြိုးတွေ ဝတ်ချင်သည်မို့ထင့်

နိုင်ငံတကာမှုခင်း

ဆွေ-ရေးသားသည်

ကြားဖူး၊ ကြုံဖူး၊ မြင်ဖူး၊ တွေ့ဖူးသမျှတွေထဲမှာ အထူးသဖြင့် အမျိုးသမီးတွေသည် ဗေဒင်လက္ခဏာ ကြည့်ရာမှာ ဝါသနာအထုံဆုံး။ ယတြာချေရာမှာလည်း ထိပ်ဆုံး။ ဗေဒင်လက္ခဏာနှင့် ယတြာဆရာ ဆရာမတွေဆိုလျှင်လည်း ရတနာပုံဆိုက်စရာပင်....။

အဆင်တန်ဆာ

ဤတွင်မပြီးသေး၊ ဝတ်စားဆင်ယင်မှုတွင်လည်း သူတို့ထက်တပ်မက်သူမရှိ။ ခေတ်ပေါ်ဒီဇိုင်း၊ ခေတ်ပေါ် အဆင်တန်ဆာကို သူတို့မြတ်နိုးသမျှ ကမ်းကိုကုန်ရော့။

အမျိုးသမီးတွေ အမက်တကာ့အမက်ဆုံးကား မော်တော်ကား၊သည်အထဲမှာမှ နောက်ဆုံးပေါ် မော်တော်ကား။ သည်ထက်ပို၍ မက်သည်ဟု ပြောပြစရာမှာ လက်ဝတ်ရတနာများဖြစ်၏။ အမျိုးသမီးများသည် လက်ဝတ်ရတနာကို အလွန်အမင်းခုံမင်၏။ ကြိုက်နှစ်သက်၏။ မြတ်နိုး၏။

အမျိုးသမီးများ တပ်မက်မှုနှင့်ပတ်သက်၍ စာဖွဲ့လျှင် စာချဲ့၍ ကုန်နိုင်ဖွယ်မရှိ။ ဤနေရာတွင် အမေရိကန် ပြည်ထောင်စု မြောက်ကာရိုလိုင်းနားပြည်နယ် ရိုအာနိုကီ ရာပစ်မြို့မှ တင်ယာနယ်လ်ဆင်ဆိုသူ အမျိုးသမီးတစ်ဦး၏ အဖြစ်ကို ပြေးသတိရမိချေသေးတော့၏။

ဇာတ်လမ်းအကျဉ်းက ဤသို့- ။

ဗီယက်နမ်လူမျိုး ဗေဒင်ဆရာမတစ်ဦးနှင့် သူမ၏ အသက် ၂၃နှစ်အရွယ် သမီးဖြစ်သူကို သတ်ဖြတ်ခဲ့မှုဖြင့် တရားစွဲခံထားရသည့် မြောက်ကာရိုလိုင်းနား ပြည်နယ်သူ တစ်ဦးကို တောင်ကာရိုလိုင်းနားဂျူရီခုံသမာဓိအဖွဲ့က သေဒဏ်ပေးရန် အကြံပြုထောက်ခံလိုက်သည်ဆိုသည့် သတင်းကိုကယ်လီဖိုးနီးယား ဆန်တားနားမြို့မှလာသော သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ တကယ့်အဖြစ်။

တရားစွဲ

အောရင့်စီရင်စုတရားသူကြီးအဖွဲ့ကလည်း ကျောက်စိမ်း ဟု အမိပ္ပာယ်ရသည့် ဗီယက်နမ်လူမျိုး ဗေဒင်ဆရာမ ဟာ့စမစ်နှင့် သမီးအနီတိုဗိုကို ၂၀၀၅ခုနှစ်က သတ်ဖြတ်ရာတွင် စီစဉ်ညွှန်ကြားကြိုးကိုင်ခဲ့သူ မြောက်ကာရိုလိုင်းနား ပြည်နယ် ရိုအာနိုကီရာပစ်မှ တင်ယာနယ်လ်ဆင်အား တရားစွဲလိုက်သည့်အဖြစ်။

လူသတ်တရားခံ တင်ယာနယ်လ်ဆင်

"တရားမျှတမှုရှိပါသည်ဟု ထင်မြင်ယူဆထားကြောင်း"ဖြင့် ဟာ့စမစ်နှင့် ညီအစ်မတော်သူ နက်ကပမ်က ပြောသည်။ "ကျွန်မ၏ ညီအစ်မတော်သူသည် ယခုအခါ ငြိမ်းချမ်းတဲ့ဘဝကို ရောက်ရှိသွားပါပြီ" ဟုလည်း ဆက်လက်ပြောကြားသည်။ ညီမဖြစ်သူက ပြန်လမ်းမရှိသည့် သေရွာကိုမြန်းခဲ့ရပြီလေ။

တရားမျှတ

ဟာ့စမစ်နှင့် အခြားညီအစ်မတော်သူတစ်ဦးဖြစ်သူ ဟောင်ကင့်ဖ်ကလည်း သူမအနေဖြင့် တရားသူကြီး အကြံပြုထောက်ခံချက်သည် တရားမျှတပြီး ဘက်မလိုက် ဟုယူဆကြောင်း ပြောကြားသည်။

ဇာတ်လမ်းအစ

ဇာတ်လမ်းအစကို ပြန်ကောက်သော်ကား။တင်ယာနယ်လ်ဆင်က သူမ၏ချစ်သူဟောင်း ပြန်ရောက်လာရေး အတွက် ဗေဒင်ဆရာမဟာ့စမစ်ထံတွင် ဗေဒင်ကြည့်သည်။ မေးမြန်းသည်။ ဗေဒင်ဆရာမ ဟာ့စမစ်က "လက်တွေ့ ဘဝကို လက်ခံပါ အမှန်တရားကို လက်ခံစမ်းပါ"ဟု နယ်လ်ဆင်ကို ပြောပြသည့်အခါ နယ်လ်ဆင်က ဗေဒင်ဆရာမ၏ ဟောပြောချက်ကို မနှစ်ခြိုက်၊ မကြိုက်၊ စိတ်မချမ်းမသာဖြစ်သွားသည်။ ဝမ်းနည်းကြေကွဲသွားပုံလည်းရသည်။ ဗေဒင်ဆရာမ၏ ဝတ်စားဆင်ယင်ပုံကိုလည်း စူးစူးစိုက်စိုက်ကြည့်သွားသည်။ ဘာကို သဘောကျသည်မသိ။

အမျိုးသမီးတွေ အမက်တကာ့အမက်ဆုံးကား မော်တော်ကား၊သည် အထဲမှာမှ နောက်ဆုံးပေါ် မော်တော်ကား၊ သည်ထက်ပို၍ မက်သည်ဟု ပြောပြစရာမှာ လက်ဝတ်ရတနာများဖြစ်၏။ အမျိုးသမီးများသည် လက်ဝတ်ရတနာကို အလွန်အမင်းခုံမင်၏။ ကြိုက်နှစ်သက်၏။ မြတ်နိုး၏။

ကြံစည်

ထို့နောက်ပိုင်း၌ လူသတ်သမားကို ရှာဖွေကာ ဗေဒင်ဆရာမ ဟာ့စမစ်ကို သတ်ဖြတ်ရန် လျှို့ဝှက်ကြံစည်ခဲ့သည်။ မကြာပါ။ ဟာ့စမစ်နှင့် သူ့သမီးဖြစ်သူတို့သည် ဓားဖြင့် ၁၀ချက်ထက်မနည်း ထိုးသတ်ခံလိုက်ရကြောင်း၊ သူတို့နှစ်ဦးစလုံး၏ မျက်နှာနှင့်လက်များကို ဆေးဖြူဖြင့် သုတ်လိမ်းထားသည်ကို တွေ့ရကြောင်း၊ သက်သေအထောက်အထားသက်သေခံပစ္စည်း ဖျောက်ဖျက်ပစ်ရန် ကြိုးပမ်းထားပုံရကြောင်း ရှေ့နေများက ပြောသည်။

အမှန်တရား

သို့သော်အမှန်တရားသည် ဖုံးကွယ်၍မရ။

တင်ယာနယ်လ်ဆင်က အဆိုပါလူသတ်မှုတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ရန် အသက်၅၅နှစ်အရွယ်ရှိသူ ဖီလစ်ပေဇာမိုးရားဆိုသူကို စည်းရုံးခဲ့ရသည်။ စည်းရုံးရာတွင် မက်လုံးပေးစည်းရုံးခြင်းဖြစ်သည်။ လိင်တူချင်းဆက်ဆံသူ ဘဝတူများနှင့် ချိန်းတွေ့ပြီး ဖျော်ဖြေပေးမည်ဟု သွေးဆောင်ဖြားယောင်းရသည်ဆိုပဲ။

တင်ယာနယ်လ်ဆင်အမှုတွင် ဇာမိုးရားသည် အဓိက သက်သေတစ်ဦးဖြစ်ပြီး ဗေဒင်ဆရာမသားအမိအား သတ်ဖြတ်မှုတွင် အပြစ်ရှိကြောင်း ဝန်ခံသဖြင့် ထောင်ဒဏ် နှစ် ၅၀ ချမှတ်ခံခဲ့ရသည်။

တရားစွဲဆို

ဖွန်သောင်ငုယင်ဟူသော နာမည်ကို အသုံးပြုလေ့ရှိပြီး အောရင့်စီရင်စုတွင် နေထိုင်လေ့ရှိသူ တင်ယာနယ်လ်ဆင်သည်နောက်ဆက်တွဲအမှုအဖြစ် ဟာ့စမစ်၏ တန်ဖိုးကြီးမားလှသော လက်ဝတ်ရတနာများ ခိုးယူမှုနှင့် တောင်ကာရိုလိုင်းနားပြည်နယ်တွင် မိသားစုအပန်းဖြေရန်အတွက် အဝတ်အစားနှင့် လေယာဉ်လက်မှတ်များ စုစုပေါင်း အမေရိကန် ဒေါ်လာ ၃၀၀၀ဖိုး လိမ်လည်ဝယ်ယူမှုတို့ဖြင့် တရားစွဲဆိုခံနေရသည်။

ဤသည်မှာ နောက်ဆက်တွဲအမှု။

တင်ယာနယ်လ်ဆင်သည် ဗေဒင်ဆရာမ ဟာ့စမစ်ကို လုပ်ကြံသတ်ဖြတ်ရန်အလို့ငှာ မြောက်ကာရိုလိုင်းနားမှ ဝက်စမင်စတာသို့ ခရီးသွားရောက်ခဲ့ရာမှ အိမ်ပြန်ရောက်လာချိန်တွင် အဖမ်းခံလိုက်ရခြင်းဖြစ်သည်။အောရင့်စီရင်စုသို့ ပြန်လာချိန်၌ အဖမ်းခံရခြင်း ဖြစ်သည်ဟု အစိုးရရှေ့နေက ပြောသည်။ တင်ယာနယ်လ်ဆင် အဖမ်းခံရချိန်တွင် သူမခိုးယူခဲ့သော ဟာ့စမစ်၏ အကြွေးဝယ် ကတ်များ၊ မှတ်ပုံတင်ကတ်ပြားများနှင့် ဒီဇိုင်းပုံစံထုတ်သူ လက်ဆွဲအိတ်၊ ဝန်စည်စလယ်အိတ်ကိုပါ တွေ့ရှိရသည်။ ဤသည်တို့ကား ဒေသတွင်းရှိ ဗီယက်နမ်မိသားစု အသိုင်းအဝိုင်းတွင် မစိမ်း(မစ္စဟာ)ဟု ခေါ်ဆိုကြသည့် စမစ်သည် ဗေဒင်လက္ခဏာ ဟောစားသည့် နာမည်ကျော် ဗေဒင်ဆရာမကြီးဖြစ်သည်။ သူမထံဗေဒင်ကြည့်သူ အလွန်များပြားသည်။ ဗေဒင်မှန်သည်ဟု အလွန်နာမည်ကြီးသည့် အမေရိကန်ပြည်ထောင်စုတစ်နိုင်ငံလုံးက ဗေဒင်ဝါသနာရှင်များ ဗေဒင်လာကြည့်ကြသည်။ တိုးမပေါက်လောက်အောင်များပြားလှ၏။

ကျော်ကြား

သူမသည် တန်ဖိုးကြီးမားသည့် အဖိုးတန် လက်ဝတ်ရတနာများ ဝတ်စားဆင်ယင်ရာတွင် ဗီယက်နမ်နှင့် အမေရိကန်များကြား ထင်ရှားကျော်ကြားသည်။ ထို့အပြင် သူမသည်ဗေဒင်ဟောရာတွင် အထူးမှန်ကန်သည်ဟု သတ်မှတ်ခံထားရသူဖြစ်သည်။ ဟိုးလေးတကျော်ရှိသည်။ အလွန်ကျော်ကြားသည့် ဗေဒင်ပညာရှင်မကြီးဟု ကင်ပွန်းတပ်ခြင်းခံရသည်။ အကျိုးပေး၍အကြောင်းထင်သည်ပ။

တင်ယာနယ်လ်ဆင်၏အမှုကို ဆက်လက်စစ်ဆေးရန် ရှိနေပါသေး၏။ ဘယ်ပြစ်ဒဏ်မျိုး ကျခံရမှာပါလိမ့်။ ။

ကိုးကား-အင်တာနက်

ဘဝအမောပြေ

သူပြင်ကိုယ်ပြင်

တစ်ခါက ရပ်ကွက်တစ်ခု၌ အသုပ်စုံရောင်းသော ဒေါ်စိန်ချစ်အသုပ်ဆိုင်သို့ ဝိုင်းချစ်ဆိုသည့် အမျိုးသမီးတစ်ဦး အသုပ်လာစားသည်-

ဝိုင်းချစ် ။ ။ အစုံသုပ်တစ်ပွဲသုပ်ပေးပါ။

ဒေါ်စိန်ချစ်။ ။ အစုံသုပ်ကို အရသာရှိရှိ အကောင်းဆုံးဖြစ်အောင်သုပ်ပြီး ပေးလိုက်သည်။

ဝိုင်းချစ် ။ ။ အသုပ်ကငန်နေလို့ အဖတ်လေးနည်းနည်းထည့်ပါဦး။

ဒေါ်စိန်ချစ်။ ။ အသုပ်ထဲသို့ ခေါက်ဆွဲဖတ်နည်းနည်းထည့်ပေးလိုက်သည်။

ဝိုင်းချစ် ။ ။ အရည်လေးနည်းနည်း ဆမ်းပေးပါဦး။

ဒေါ်စိန်ချစ်။ ။ ဟင်းခါးရည် နည်းနည်းဆမ်းပေးလိုက်သည်။

ဝိုင်းချစ် ။ ။ အသုပ်ကပေါ့သွားလို့ ပဲမှုန့်နဲ့အကြွပ်ကြော်လေး ထည့်ပါဦး။

ဒေါ်စိန်ချစ်။ ။ ပဲမှုန့်နှင့်အကြွပ်ကြော်များ ထပ်ထည့်ပေးလိုက်သည်။

ဝိုင်းချစ် ။ ။ အသုပ်ဖိုးဘယ်လောက်လဲ။

ဒေါ်စိန်ချစ်။ ။ ကျပ် ၄၀၀ပါ။ သူများတွေကို ကျပ်၂၀၀ နဲ့ရောင်းတာ။ နင်ကအသုပ်ကို ပြင်ပြီး ဝအောင်စားသွားတော့ ငါကလည်းဈေးနှုန်းပြင်လိုက်ရတာပါ။

ဘဝဒဿန

- ❒ ***Might throws itself on the side of those who believe in right.***
- *စွမ်းအားသည် အမှန်ကို ယုံကြည်သူတို့ဘက်မှ ရပ်၏။*

- ❒ ***What do you want from life and what have you to give inreturn that entitles you to it?***
- *ဘဝ၌ သင်ဘာဖြစ်ချင်ပါသနည်း။ ထိုကဲ့သို့ ဖြစ်ထိုက်အောင် ပြန်လည်ပေးဆပ်ရန် သင့်ထံ၌ မည်သည့်အရာရှိနေပါသနည်း။*

(ချားလ်စ်ဝီလျံ)

ကမ္ဘာတစ်လွှားထူးထူးခြားခြား

❖ မြင့်မောင်စိုး-စုစည်းသည် ❖ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

ကမ္ဘာ့အမြင့်ဆုံးမျှော်စင်

ကလေးများဆော့ကစားရာ လီဂိုအုတ်ချပ်ငယ်များဖြင့် တည်ဆောက်ထားသော ကမ္ဘာ့အမြင့်ဆုံးမျှော်စင်ကို ၂၀၁၀ ခုနှစ် ဧပြီ ၂၄ ရက်က နော်ဝေနိုင်ငံ အော်စလိုမြို့ မြို့တော်ခန်းမရှေ့၌ တည်ဆောက်ပြီးစီးခဲ့သည်။ ယင်းကမ္ဘာ့အမြင့်ဆုံး လီဂိုမျှော်စင်သည် အမြင့် ၃၀၂၂ မီတာရှိသည်။ (အပေါ်ပုံ)

(အင်တာနက်)

ကမ္ဘာ့အကြီးဆုံးဆင်ရုပ်ပြပွဲ

လန်ဒန်မြို့ ထရာဖော်ဂါရင်ပြင်၌ ကမ္ဘာ့အကြီးဆုံးဆင်ရုပ်ပြပွဲကြီးတစ်ရပ်ကို မေ ၄ရက်က ပြုလုပ်ခဲ့သည်။ ယင်းဆင်ရုပ်ပြပွဲတွင် သက်ရှိဆင်များအရွယ်ရှိ ဆင်ရုပ် ၂၆၀ ကျော် အရောင်အသွေးစုံလင်စွာ ပြသထားရာ ကမ္ဘာပေါ်တွင် အကြီးဆုံးဆင်ရုပ်ပြပွဲကြီး ဖြစ်ခဲ့သည်။ (အောက်ပုံ)

(အင်တာနက်)

ကမ္ဘာ့အကြီးဆုံး သေတ္တာ

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့ရှိ အဆောက်အအုံတစ်ခုပေါ်တွင် ကမ္ဘာ့အကြီးဆုံး လက်ဆောင်သေတ္တာ တစ်လုံး ချိတ်ဆွဲပြသထားသည်ကို မေ ၄ရက်က တွေ့ရခြင်းဖြစ်သည်။ ယင်းကမ္ဘာ့အကြီးဆုံး လက်ဆောင်သေတ္တာကို အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင် ဖွင့်ပွဲအခမ်းအနား၌ တရားဝင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ (အပေါ်ပုံ)

(အင်တာနက်)

ကန့်ဘလူမြို့၌ ရွှေမဟာသုံးဘီးဆိုင်ကယ်ယာဉ်လိုင်းဖွင့်

ကန့်ဘလူ ဧပြီ ၂၂

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက တည်ထောင်သော ရွှေမဟာသုံးဘီးဆိုင်ကယ်အသင်း ယာဉ်လိုင်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ရက်က အသင်းမြက်ခင်းပြင်၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှင်းလင်းဆွေးနွေး

အစီအစဉ်အရ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းတို့က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌဦးအောင်မှ ဖွဲ့စည်းပုံလုပ်ငန်းစဉ်များနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ရွှေမဟာသုံးဘီးဆိုင်ကယ်ယာဉ်လိုင်းသည် ကန့်ဘလူဘူတာ၌ ဖွင့်လှစ်ထားရှိပြီး ဘူတာမှ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံကြီးသို့ ၁နာရီ တစ်စီးနှုန်း နေ့ရောညပါ ပြေးဆွဲလျက်ရှိသည်။ ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၀၀နှုန်းနှင့် သက်ကြီးရွယ်အိုများ၊ လူနာများ၊ သားဖွားမိခင်များကို အခမဲ့ ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

ရောင်းချ

ရွှေမဟာသုံးဘီးဆိုင်ကယ်အသင်းကို အသင်းသား ၂၀ဖြင့် ဖွဲ့စည်းထားပြီး ဂွတ်ဘရားသားကုမ္ပဏီ ကန့်ဘလူမြို့နယ် အရောင်းကိုယ်စားလှယ် ဦးသိန်းဝင်းက အရစ်ကျငွေချေစနစ်ဖြင့် သုံးဘီးဆိုင်ကယ်များကို ကူညီရောင်းချပေးခဲ့သည်။ (၀၂၇)

ကတ္တရာထပ်ပိုးလွှာခင်း

စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ဗိုလ်ချုပ်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ရွှေက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင် လှူဒါန်းပွဲ ခန္တီးကောက်တောင်းကျေးရွာ၌ကျင်းပ

ခန္တီး ဧပြီ ၂၀

စစ်ကိုင်းတိုင်း ခန္တီးမြို့နယ် အရှေ့ကောက်တောင်းကျေးရွာ ဖူးငုံပွင့် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၈ ရက်က ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ခန္တီးမြို့နယ် အရှေ့ကောက်တောင်းကျေးရွာ ဖူးငုံပွင့် စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းစိုးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

လှူဒါန်း

ဆက်လက်၍ စာအုပ်စာစောင်နှင့် DTH`နှစ်ပေစလောင်းပေးအပ်လှူဒါန်းပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်ကျော်**(အောက်ဝဲပုံ)**က ဒို့ကျေးရွာဖွံ့ဖြိုးဖို့ စာကြည့်တိုက်ကို ဖွင့်ကြစို့ ခေါင်းစဉ်ဖြင့် ဟောပြောသည်။

လက်ခံယူ

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များက တန်ဖိုးငွေကျပ် ၃၅၆၀၀၀တန်ဖိုးရှိ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်မာမာဆွေက လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးမှ ပေးပို့လှူဒါန်းသော DTH နှစ်ပေစလောင်းကို မြို့နယ်အသင်းအတွင်းရေးမှူး ဟတ္တိရန်းလီက ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဌေးက လက်ခံယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

အဆို၊ အက၊ အရေး၊ အတီး ဆားလင်းကြီးမြို့၌ သင်တန်းဖွင့်

ဆားလင်းကြီး မေ ၃

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် နွေရာသီ အဆို၊ အက၊ အရေး၊ အတီး သင်တန်းဖွင့်ပွဲအခမ်းအနားကို အထက်တန်းကျောင်း ပန်းမြတ်သဇင်ခန်းမ၌ မေ ၁ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးခင်မောင်အေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့်သင်တန်းသား သင်တန်းသူ ၅၂ ဦး စုစုပေါင်း အင်အား ၁၁၂ ဦးတို့ တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ ဆက်)

မြို့နယ် သတင်း ထွေတလာ

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့ အသိပညာပေးရှင်းလင်းပွဲ တမူးမြို့၌ကျင်းပ

တမူး မေ ၃

တမူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မတ် ၂၆ရက်က ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၀) အသိပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန ခရိုင်ဆရာဝန်ကြီး ဒေါက်တာပေါ်ထွန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကောင်းစံဦးက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ခရိုင်ဆရာဝန်ကြီး ဒေါက်တာပေါ်ထွန်းက ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၀)နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

(ခရိုင် ပြန်/ဆက်)

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

[illegible]

အမည်ပြောင်း

အဖဦးစိုးနိုင်(ခ) ဦးထောင်ခန့်ရှန်၏သမီး ကလေးမြို့ အမက(၁၁) မူလွန်ကျောင်း(Grade -8)မှ မဝိုင်းဝိုင်းခိုင်အား မသောင်ဒိတ်လွန်ဟု ပြောင်းလဲခေါ်ပါရန်။ **မသောင်ဒိတ်လွန်။**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီးဖြစ်သူ ရွှေဘိုမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဘူတာ(က)ရပ်နေ မစန်းမြင့် ၅/ရဘန(နိုင်)၁၂၁၈၅၄သည် မိဘနှင့်ညီအစ်ကိုမောင်နှမများ၏ ဆိုဆုံးမမှုကို မနာခံဘဲ သိက္ခာကျ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ငွေနှင့်ပတ်သက်သည့် ကိစ္စများ လုံးဝတာဝန်မယူပါ။
ဦးဘသိန်း ၅/ရဘန(နိုင်)၁၂၂၃၆၄၊ ဒေါ်မြစိန် ၅/ရဘန(နိုင်)၁၂၂၄၂၂။

မင်္ဂလာဦး ဆုတောင်း

ဗိုလ်ကြီးပြည့်ဖြိုးသူနှင့် ဒေါက်တာဝသန်တင်တို့၏ ၂-၅-၂၀၁၀ရက် မင်္ဂလာဦးရက်မြတ်မှသည် နှစ်တစ်ရာနှစ်ဆယ်တိုင်အောင် ကျန်းမာချမ်းသာပျော်ရွှင်စွာ ရှေ့လက်တွဲခိုင်မြဲပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-
ချစ်သောလေးလေး-ဦးဇော်လှိုင်-ဒေါ်ငွေငွေမြင့်
တိုင်းဦးစီးမှူး၊ အကောက်ခွန်ဦးစီးဌာန၊ တနင်္သာရီတိုင်း။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် မေ ၁၁

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှုလွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄၌** ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ်၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါနှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော် မြင်းခြံမြို့

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြင်းခြံမြို့ နှစ်ကျိပ်ရှစ်ဆူဘုရားကြီး၏ ယခုနှစ် (၉၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို (၁၃၇၂ခုနှစ် ပထမဝါဆိုလဆန်း ၅ရက်မှ လပြည့်ကျော် ၇ရက်) ၁၆-၆-၂၀၁၀ရက်မှ ၃-၇-၂၀၁၀ရက်အထိ ကျင်းပမည်ဖြစ်ပါသည်။ ပွဲတော်ဆိုင်ခန်းတင်ဒါနှင့် ဇာတ်ရုံမြေနေရာလေလံပွဲကို (၁၃၇၂ခုနှစ် နယုန်လဆန်း ၁၃ရက်) ၂၅-၅-၂၀၁၀ရက် မွန်းလွဲ ၁နာရီတွင် ဘုရားကြီးရင်ပြင်ပေါ်၌ ကျင်းပပါမည်။ နာယကဆရာတော်ကြီးများ၏ ဩဝါဒအရ လောင်းကစားဆန်သော မည်သည့် လုပ်ရပ်မျိုးကိုမျှ ခွင့်မပြုဘဲ မြန်မာ့ရိုးရာဇာတ်သဘင်၊ အငြိမ့်၊ ဆပ်ကပ်နှင့် မျက်လှည့်များကို တင်ဆက်ကပြ ခွင့်ပြုပါမည်။ ဝါးထောင်လုပ်ငန်းပိုင်ရှင် မှတ်ပုံတင်ရှိသူများသာ ဆိုင်ခန်းတင်ဒါပေးသွင်းခွင့်ပြုပါမည်။

ဂေါပကအဖွဲ့
နှစ်ကျိပ်ရှစ်ဆူဘုရားကြီး၊ မြင်းခြံမြို့၊
ဖုန်း-၀၆၆-၂၁၅၁၀၊ ၂၂၈၄၈။

World First များ၊ Australia, Japan နှင့် UK နိုင်ငံများမှ Master ဘွဲ့ရများနှင့် Ph.D ဘွဲ့ရများဦးစီးသင်ကြားသော

LCCI ACCA

Accounting & English For Business
- Free Study Guide - Scholarship
- Small Class Size - Free English Classes

"ကျောင်းအပ်လက်ခံနေပါပြီ"

မေလအတွင်းအပ်နှံပါက **10 % Discount**

MHR Centre II
၃၉၊ ဖျာပုံလမ်း၊ စမ်းချောင်း၊
ဖုန်း-၅၂၆၇၀၆၊ ၀၉-၅၀၆၉၉၁၅၊၀၉-၈၆၂၈၈၇၈။

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၂၉၃၂၆ Yinxiang ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၁၃/မယတ(နိုင်)၀၀၀၅၅၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။



သရက်ခရိုင် အဆို၊ အက၊ အရေး၊ အတီး အခြေခံသင်တန်းဖွင့်

သရက် မေ ၈

သရက်ခရိုင် အဆို၊ အက၊ အရေး၊အတီး အခြေခံသင်တန်းဖွင့်ပွဲကို မေ ၄ရက် နံနက်က သရက်မြို့ အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးမြအေးက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ နည်းပြဆရာမများကိုယ်စား နည်းပြဆရာ ဦးသောင်းငွေက မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အသက်(၁၅-၂၀)နှစ်အထိ အခြေခံပညာအဆင့် အကပြိုင်ပွဲ မကွေးတိုင်းအဆင့် ပထမဆုရ မခင်ယင်းမာလွင်က ကပြဖျော်ဖြေပြီး ခရိုင်ဥက္ကဋ္ဌက ဆုချီးမြှင့်ပေးအပ်သည်။ (ခရိုင် ပြန်/ဆက်)

မကွေးမြို့နယ် သစ်ရာကောက် ကျေးရွာ အလှူရှင် လေးလက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ- (၂) ဦးကျော်ဇေလတ်တို့ ကွင်းဆင်းဆောင်ရွက်စဉ်။(မြို့နယ်စည်ပင်)

မြို့နယ် သတင်း ထွေတလာ

ရေနံချောင်းမြို့နယ် စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ရေနံချောင်း မေ ၁၀

ရေနံချောင်း ဒီဂရီကောလိပ်မှ မြို့နယ်အတွင်းရှိ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၉ရက် နံနက် ၁၀နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းက အမှာစကားပြောကြားပြီး ကောလိပ်ကျောင်းအုပ်ကြီးက စာအုပ်စာစောင်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောင်းအုပ်ကြီးနှင့် ပထဝီဝင်ဌာန ပါမောက္ခဒေါက်တာဦးပွားက မဂ္ဂဇင်းစာအုပ် ၃၀၀အတွက် တန်ဖိုးငွေကျပ် ၄၅၀၀၀၀ရှိ စာအုပ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များက လက်ခံယူကြသည်။ (ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ရေးမြို့ပေါ်ရှိ ရပ်ကွက်များ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကြွပ်ကြွပ်အိတ်မသုံးစွဲရေး ပညာပေးဟောပြောပွဲကို ဧပြီ ၂၆ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းအောင် ဟောပြောဆွေးနွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

12-5 (17).pmd 1 5/12/2010, 2:51 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လပွတ္တာမြို့နယ် ကုန်းသာယာကျေးရွာ ရှင်းလင်းဆောင်ရွက်ရပ်မှ ပတ်ဝန်းကျင်အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧရာဝတီတိုင်းအတွင်း ဒေသဖွံ့ဖြိုးမှု အခြေအနေများကို ဆက်လက်လှည့်လည် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းအတွင်း ဒေသဖွံ့ဖြိုးမှုအခြေအနေများကို ဆက်လက်လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် နံနက် ၇နာရီတွင် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့နယ် ကုန်းသာယာကျေးရွာသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၉ ကော်လံ ၃ ❐